# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြ၍**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၍၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက် | ၂၀၂၄ ခုနှစ်၊ မတ် ၁၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၆၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## တနင်္သာရီတိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ကေပေါင်း လေးသိန်းခန့်ရှိ ရော်ဘာစိုက်သူများအနေဖြင့် ပြည်တွင်းဈေးကွက်များတွင်သာတင်ပို့နေရဟုဆို

**မြိတ် မတ် ၁၆**

တနင်္သာရီတိုင်းဒေသကြီးတွင် ရော်ဘာစိုက်ကေပေါင်း လေးသိန်းခန့်ရှိပြီး ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်တို့တွင် ရော်ဘာပင်များကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြရာ မြိတ်ခရိုင်တစ်ခုတည်းတွင် ရော်ဘာစိုက်ကေ ၁၄၉၅၁၂ ရှိကြောင်းနှင့် နှစ်စဉ်ရော်ဘာခြစ်ရာသီ ရောက်တိုင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရော်ဘာများကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သူ များပြားသော်လည်း ရော်ဘာစိုက်ပျိုးသူများအနေဖြင့် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ခြင်းမရှိသေးသည့်အတွက် ပြည်တွင်းဈေးကွက်များတွင်သာ

*စာမျက်နှာ ၃ ကော်လံ ၁* ❁

## ကလောမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုပြီးစီး

**နေပြည်တော် မတ် ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကလောမြို့နယ် ကလောမြို့ ရပ်ကွက်(၈)မှ တာယော-ရွာသစ်-ညောင်ကုန်း-ရွှေမင်းဖုန်းဘုရား-အလယ်ရွာ-ဆော်တောရွာ-တောင်ပွဲကျေးရွာချင်းဆက်လမ်း ၂ မိုင်

*စာမျက်နှာ ၅ ကော်လံ ၁* ❍



**ယနေ့ ဖတ် စ ရာ**


**နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၇၇ နှစ်တာခရီး**

ဆောင်းပါး | စာ ၆

**ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကား ထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင် လက်မှတ်ပြုလုပ်ရန် အသိပေးကြေညာခြင်း**

ပြည်တွင်းသတင်း | စာ ၇

**ပေါင်းကူးယှက်နွယ် ချစ်ကြိုးသွယ် ရောမြေမှ ပမ္မဝတီတံတား ( မြင်းကဆိပ် )**

ဆောင်းပါး | စာ ၁၀




# မြိတ်ခရိုင်၏ ရေလုပ်ငန်းနှင့် ရေထွက်ပစ္စည်း အခြေခံတန်ဖိုးမြင့်ကုန်ချောထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အားပေး



**နေပြည်တော် မတ် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်ရှိ ရေလုပ်ငန်းနှင့် ရေထွက်ပစ္စည်းများကို တန်ဖိုးမြင့်ကုန်ချောထုတ်လုပ်နေမှုများ၊ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုအားပေးပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျွန်းစုမြို့နယ် ပထော်ကျေးရွာရှိ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ ပုစွန်သားပေါက်စခန်းနှင့် ပုစွန်သားပေါက် မွေးကန်များတွင် ရက်သားအလိုက် ပုစွန်သားပေါက် မွေးမြူဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ကုမ္ပဏီတာဝန်ရှိသူများအား ပုစွန်သားပေါက်များကို ပြည်တွင်း၌ထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်းကြရန်နှင့် ငါးပုစွန်များကို ဖမ်းဆီးထုတ်လုပ်ခြင်းထက် မွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးလာရေးအတွက် အသေးစား အငယ်စားမွေးမြူရေးတောင်သူများအား လက်တွဲခေါ်ယူ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပထော်ရေလှောင်တမံအတွင်း ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်နှင့် မြန်မာဆိုလာပါဝါထရေးဒင်းကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ၃ ဒသမ ၇၇ မီဂါဝပ် ရေပေါ်ဆိုလာစနစ်လုပ်ငန်းစီမံကိန်း၏ ဆိုလာပြားတပ်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ရေပေါ်ဆိုလာစနစ်လုပ်ငန်းစီမံကိန်းသည် ပထော်ရေလှောင်တမံအတွင်း ရေပြင်အကျယ်အဝန်း ခုနစ်ဧကတွင် ဆိုလာအချပ်ရေ စုစုပေါင်း ၆၃၈၄ ချပ် တပ်ဆင်ဆောင်ရွက်ထားရှိပြီး ဆိုလာစွမ်းအင် ၃ ဒသမ ၇၇ မီဂါဝပ်ထုတ်ပေးနိုင်မည်ဖြစ်ကာ အင်ဗာတာ ၂၅၅ ကီလိုဝပ် ၁၂ လုံး တပ်ဆင်ထားရှိပြီး လာမည့် ဧပြီလအတွင်း လျှပ်စစ်ဓာတ်အားထုတ်ယူ၍ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ အအေးခန်းစက်ရုံနှင့် စက်ရုံ အလုပ်ရုံများ၊ မကြာမီ တည်ဆောက်မည့် ဆီအုန်း ဆီချောစက်ရုံ လည်ပတ်ရေးတို့အတွက် အသုံးပြုသွားမည်ဖြစ်သည့်အပြင် ပထော်၊ ပထက်ကျွန်းပေါ်ရှိ ဒေသခံပြည်သူများ လျှပ်စစ်မီးအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပထော်ကျွန်းပေါ်ရှိ ခေတ်မီရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းနှင့် ရက် ၈၀ သားရှိ မွေးပုစွန်များ ကန်ဖော်ဆယ်ယူ၍ အအေးခန်းစက်ရုံသို့ ပို့ဆောင်သည့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြပြီး လိုအပ်သည့်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် ခေတ်မီအအေးခန်းစက်ရုံအတွင်း ရေငန်ပုစွန်များ၊ ကဏန်းပျော့များနှင့် ရေထွက်ကုန်များကို တန်ဖိုးမြင့်ကုန်ချောအဖြစ် ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရန် ဆောင်ရွက်ထားရှိမှု၊ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်၏ သုတေသနရန်ပုံငွေဖြင့် မြိတ်နှင့် ကျွန်းစုဒေသတို့တွင် စီးပွားဖြစ်ကျယ်ပြန့်စွာ မွေးမြူထုတ်လုပ်လျက်ရှိသော ငါးပုစွန်မွေးမြူရေးလုပ်ငန်းများအတွက် ငါးပုစွန်ရောဂါစစ်ဆေးနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ငါးပုစွန်မွေးမြူရေးကန်များ ရေရှည်စဉ်ဆက်မပြတ် မွေးမြူထုတ်လုပ်နိုင်ရေးရည်ရွယ်ဆောင်ရွက်ထားရှိသည့် RT-PCR ဓာတ်ခွဲခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေါင်းကူးမော်ကျေးရွာရှိ ကောင်းကောင်းမွေးမြူရေးကုမ္ပဏီလီမိတက်၏ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ကတ္တလူကျေးရွာရှိ ပြည့်ဖြိုးထွန်းကုမ္ပဏီ၏ ခေတ်မီရေငန်ပုစွန်မွေးမြူရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်တွင် ကုမ္ပဏီအသီးသီးမှ တာဝန်ရှိသူများက ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပုစွန်များတိုးချဲ့မွေးမြူနိုင်ရေးအတွက် ပုစွန်ကန်အသစ်များ တူးဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ငါး ပုစွန်မွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဝန်ကြီးဌာန၏ ကူညီဆောင်ရွက်ပေးနေမှု၊ မြေယာများအသုံးပြုရာတွင် တည်ဆဲမြေယာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန် လိုအပ်ချက်များ၊ ပြည်ပပို့ကုန်များအတွက် သက်ဆိုင်ရာနိုင်ငံများ၏ စံချိန်စံညွှန်းများကို တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပရည်ကျွန်းရေပြင်တွင် ချင်းခရုမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ဆားကျွန်းအရှေ့ရေပြင်တွင် ယူနိုက်တက် (မြိတ်) ကေအမ်ကေကုမ္ပဏီ၏ ကျောက်ငါး၊ ကကတစ်ငါး မွေးမြူရေးဆောင်ရွက်နေမှု၊ မွေးမြူရေးသုတေသနဦးစီးဌာန၏ ကျောက်ငါးနှင့် ငါးပါးနီမျိုးသုတေသနငါးများ မွေးမြူဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြိတ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ ဝန်ထမ်းများကိုတွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဝန်ကြီးဌာန၏ လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် အင်္ဂလိပ်စာရေးဖြေစာမေးပွဲ ဖြေဆိုနေမှုကြည့်ရှုအားပေး



**နေပြည်တော် မတ် ၁၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ၏ အင်္ဂလိပ်စာ ရေးဖြေစာမေးပွဲများကို ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ နေရာအသီးသီး၌ တစ်ပြိုင်တည်းကျင်းပခဲ့ပြီး ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အနေဖြင့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ အဆိုပါစာမေးပွဲကျင်းပရာသို့ သွားရောက်ကြည့်ရှုအားပေးသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် တာဝန်ရှိသူများက စာမေးပွဲဖြေဆိုမှုများနှင့် ပတ်သက်၍ စာမေးပွဲခန်းများအတွင်း လိုက်လံရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက စာမေးပွဲဖြေဆိုသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး အလေးထားဆောင်ရွက်ပေးရန် မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ဝန်ထမ်းခန့်ထားရေး**

ဝန်ကြီးဌာန၏ လစ်လပ်လျက်ရှိသည့် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူးရာထူးအတွက် အမျိုးသား ၁၂၀၊ အမျိုးသမီး ၃၀ စုစုပေါင်း ၁၅၀ ခန့်ထားနိုင်ရေးဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှောက်ထားသူများအနက် သတ်မှတ်ချက်နှင့်ကိုက်ညီစွာ လျှောက်ထားသူ အမျိုးသား ၂၆၄ ဦး၊ အမျိုးသမီး ၃၉၂ ဦး စုစုပေါင်း ၆၅၆ ဦးတို့သည် အင်္ဂလိပ်စာ ရေးဖြေစာမေးပွဲကို ယနေ့ဖြေဆိုကြပြီး ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အနေဖြင့် အင်္ဂလိပ်စာ ရေးဖြေစာမေးပွဲကို အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၅၀ စုစုပေါင်း ၇၉ ဦး ဖြေဆိုကြကြောင်းနှင့် အဆိုပါအင်္ဂလိပ်စာရေးဖြေစာမေးပွဲအောင်မြင်သူများအား ကွန်ပျူတာစစ်ဆေးခြင်းနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းများကို မကြာမီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်ဆေးမှုအောင်မြင်သူများကို ဝန်ထမ်းခန့်ထားရေး လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❀ *ရှေ့ဖုံးမှ*

တင်ပို့ရောင်းချနေရကြောင်း တောင်သူများက ပြောကြားသည်။

"အခုလက်ရှိမှာတော့ ဈေးကွက်ပုံမှန် မရှိသေးတာ၊ ပြည်ပဈေးကွက်မရှိသေးတာ၊ တင်ပို့လို့မရသေးတာတွေတော့ရှိတယ်။ ကုန်သည်ကြီးတွေ၊ ပြန်ဝယ်ရောင်းတွေအနေနဲ့ သူတို့လမ်းကြောင်းနဲ့ သူတို့ တရုတ်တို့၊ မလေးရှားတို့ကို ပို့တာမျိုးရှိတယ်။ နောက်ပြီးငွေလဲနှုန်းဖြစ်တဲ့ ၆၅ ရာခိုင်နှုန်း၊ ၃၅ ရာခိုင်နှုန်းနှင့် ရော်ဘာခြံအတွက် အသုံးပြုရမယ့်ပစ္စည်းတွေပြန်ဝယ်ရမယ်ဆိုတဲ့ စည်းကမ်းချက်၊ အဲဒါတွေက ရော်ဘာစိုက်တောင်သူတွေအတွက် အခက်အခဲတော့ ဖြစ်စေတယ်။ ရော်ဘာကို နောက်ပိုင်းအော်ဂဲနစ်စိုက်ပျိုးမှုဘက်ကို သွားနေတယ်။ အဲဒီဓာတ်မြေဩဇာတွေ ပလတ်စတစ်ပစ္စည်းတွေက အသုံးပြုမှုနည်းလာတယ်။ အဲဒီပစ္စည်းတွေ ပြန်ဝယ်ရမယ်ဆိုတဲ့ စည်းကမ်းချက်ကြောင့် ဓာတ်မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေက ခြံတွေထဲမှာ ပုံနေတာ၊ ဈေးကွက်လည်း မငြိမ်တော့ ရော်ဘာလုပ်ငန်းလုပ်ကိုင်ရတာလည်း အခက်အခဲတော့ ရှိလာတယ်" ဟု မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာမှ ရော်ဘာစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

ရော်ဘာစိုက်ပျိုးသူများအနေဖြင့် မြိတ်မြို့ရှိ ရော်ဘာဒိုင်များတွင် ရော်ဘာတစ်ပိဿာကျပ် ၆၀၀၀ ဈေးသာရရှိကြောင်း ပုံမှန်ဝယ်သည့်အနေထားလည်း မရှိသည့်အတွက် ဈေးကွက်ခိုင်မာမှု မရှိခြင်းမျိုး ကြုံတွေ့နေရသည်ဟုဆိုသည်။

"ရော်ဘာထွက်တဲ့ အချိန်အခါဖြစ်တဲ့အတွက် တောင်သူများအဖို့ ဒီလိုအချိန်မျိုးမှာ ငွေပေါ်အောင်ရှန်းကန်ကြရတယ်။ ဒီဘက်မှာက မိုးရာသီဝင်ရောက်တာ စောတဲ့အတွက် သင်္ကြန်ကာလအပြီးမှာ ရော်ဘာပြားတွေထွက်သလောက် လုပ်ထားဖို့ လိုပါတယ်။ အခုဖြစ်နေတဲ့ဈေးကွက်အရ ကျွန်တော်တို့ ထိုင်းကိုလုံးဝတင်ပို့လို့မရဘူး။ ကော့သောင်းဘက်မှာလည်း ကျပ် ၄၀၀၀ လောက်ပဲ ဈေးရှိတယ်။ ထိုင်းနိုင်ငံဘက်မှာ တစ်ကီလိုကိုငွေကျပ် ၈၀၀၀ လောက်အထိ ဈေးရှိတယ်။ ဒါပေမယ့် ရော်ဘာစိုက်တောင်သူတွေတင်ပို့လို့မရဘူး။ ထိုင်းက သူတို့လိုအပ်ချက်ရှိလာရင်ဝယ်တယ်။ အခု ကျွန်တော်တို့ ပြည်တွင်းဈေးကွက်ဖြစ်တဲ့ မုဒုံမြို့နယ်ဘက်မှာ သွားရောင်းနေရပါတယ် " ဟု မြိတ်မြို့နယ်မှ ရော်ဘာစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

ရော်ဘာစိုက်ပျိုးသူများအနေဖြင့် လာမည့် ၂၀၃၀ တွင် နိုင်ငံတကာမှ သတ်မှတ်ထားသည့် စိုက်ပျိုးနည်းများ၊ ကျား မတန်းတူအလုပ်အကိုင်အခွင့်အလမ်းလုပ်ဆောင်ထားမှု၊ သဘာဝပတ်ဝန်းကျင်မထိခိုက်အောင် စိုက်ပျိုးထားမှု စသည့် အချက်အလက်များအပါအဝင် တခြားသတ်မှတ်ချက်များကို လိုက်နာနိုင်ပါမှ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း တောင်သူများက ဆိုသည်။

**မြင့်ဦး(မြိတ်)**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လှည်းကူးမြို့နယ် မုဆိုးညောင်ပင်-မလစ်-အဝိုင်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၁၆**

(၇၉) နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မုဆိုးညောင်ပင်-မလစ်-အဝိုင်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါဖွင့်ပွဲနေရာ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြနှင့် ကျေးလက်အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်ဒေသများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေဒေသခံပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်ထွက်ကုန်များနှင့် အခြားကုန်စည်များကို ဈေးကွက်သို့ တစ်နှစ်ပတ်လုံး သယ်ပို့ရောင်းချနိုင်ရန်အတွက် ရာသီမရွေးဆက်သွယ်သွားလာနိုင်သည့် လမ်းများလိုအပ်ပါကြောင်း၊ ယခုဖွင့်လှစ်သည့်ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်ပေးနိုင်မှုကြောင့် လှည်းကူးမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာ ၁၇ ရွာမှ အိမ်ခြေ ၂၇၈၃ အိမ်၊ လူဦးရေ ၁၄၅၈၃ ဦးတို့ကို တိုက်ရိုက်အကျိုးခံစားမှုရရှိသည့် အပြင် ကျေးရွာများ၏ စိုက်ပျိုးမြေ ဧက ၉၀၀၀ ကျော်ကိုအကျိုးပြုနိုင်မည်ဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဆောင်ရွက်ပြီး လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ပြောကြားသည်။



ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးက ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုး၊ တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်တို့က မုဆိုးညောင်ပင်-မလစ်-အဝိုင်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** လမ်းအားကြည့်ရှုစစ်ဆေးသည်။

မုဆိုးညောင်ပင်-မလစ်-အဝိုင်း ကျေးရွာချင်းဆက်လမ်းသည် လမ်းအရှည် ပေ ၅၂၈၀၊ လမ်းအကျယ် ၁၆ ပေရှိကာ ယခင်က ကျောက်လမ်းအဆင့်ဖြစ်ပြီး ယခု ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၇၅၃ ဒသမ ၁၉ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းခံနိုင်ဝန်အနေဖြင့် ယာဉ်တစ်စီးချင်း အလေးချိန်တန် ၂၀ ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာသို့ရောက်ရှိရာ ကျေးရွာယာယီရှင်းလင်းဆောင်၌ ကျေးရွာကော်မတီဝင်များ၊ ဒေသခံတောင်သူများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ကျေးရွာများတွင် အမှန်တကယ်လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစားတူညီသူများ၊ စိတ်တူကိုယ်တူဆန္ဒတူသူများကို စုပေါင်း၍ သမဝါယမအသင်းများ ဖွဲ့စည်းပေးပြီး အသင်းသားတောင်သူများ၏ အဓိကလိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုပံ့ပိုးပေးနိုင်ရေး ထွက်ရှိလာသောသီးနှံများကို ဈေးကွက်ခိုင်မာမှုရရှိရေး လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ ကျေးရွာတောင်သူများကလည်း ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းစနစ်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများ၏တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရဲမွန်ခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေမှ အစုအဖွဲ့စနစ်ဖြင့် နို့စားနွားမွေးမြူရေး လုပ်ငန်းဆောင်ရွက်နေမှု၊ ကျေးရွာ ICT စင်တာ ဖွင့်လှစ်ထားရှိမှုနှင့် ရေသန့်စင်စနစ် ဆောင်ရွက်ထားရှိမှု၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ ကျေးရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းနှင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်ရှိ ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ ပြင်ပလူနာဌာနခွဲတွင် ဆေးကုသခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၆**

ကျရောက်မည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိုလှုပ်ရှားမှုအဖြစ် ဆေးကုသခြင်းကို ယနေ့တွင် နေပြည်တော်အမျိုးသားပရဆေးဥယျာဉ်ရှိ ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ ပြင်ပလူနာဌာနခွဲ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး လာရောက်ပြသသည့်လူနာများကို တိုင်းရင်းဆေးဝါးများ လက်ဆောင်ဝေငှပေးသည်။

အဆိုပါ ဆေးကုသခြင်းအစီအစဉ်တွင် တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး ဦးဆောင်၍ ခုတင်(၁၀၀) ဆံ့ တိုင်းရင်းဆေးရုံ၊ နေပြည်တော်မှ ဆေးရုံအုပ်ကြီး ဒေါ်မူမူချိုပါဝင်သော ဆေးကုသရေးအဖွဲ့နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) နှင့် နေပြည်တော်တိုင်းရင်းဆေးဆရာအသင်းတို့မှ တိုင်းရင်းဆေးသမားတော်ကြီးများက သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဒူးနာ၊ ခါးနာ၊ ကျီးပေါင်းရောဂါများ၊ အဆစ်ရောင်၊ အဆစ်နာရောဂါများ၊ ထုံနာကျဉ်နာ၊ လေငန်း၊ လေဖြတ်၊ ပါးရွဲ့ရောဂါများ၊ အာရုံကြောအားနည်းရောဂါများ၊ မီးယပ်ရောဂါများ၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် အနာပေါက်ရောဂါများ၊ ကလေးသူငယ်နာရောဂါများနှင့် အဖျားရောဂါလူနာများအား ကုသပေးရာ စုစုပေါင်းလူနာဦးရေ ၂၅၀ ကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် သောက်ဆေး၊ လိမ်းဆေးပေးခြင်း၊ အကြောပြင်ကုသခြင်း၊ ကြပ်ထုပ်ထိုးကုသခြင်းနှင့် ဆေးစည်း၊ ဆေးကပ်ခြင်းစသည့်ကုသမှုများ ဆောင်ရွက်ပေးကြသည်။



## လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး အရေးပေါ်နှင့်ပြင်ပလူနာဌာန၊ ခွဲစိတ်ကုသဆောင်၊ အရိုးကုသဆောင်၊ ခွဲစိတ်ခွဲဌာန၊ ဆေးသိုလှောင်ခန်း၊ သားဖွားမီးယပ်ကုသဆောင်၊ ကလေးကုသဆောင်၊ မွေးကင်းစကလေးအထူးကြပ်မတ်ကုသဌာန၊ အထွေထွေဆေးကုသဆောင်တို့သို့ လှည့်လည်ကြည့်ရှု၍ လူနာနှင့် လူနာစောင့်များကိုတွေ့ဆုံအားပေးစကားပြောကြားပြီး အာဟာရစားသောက်ဖွယ်ရာများ ထောက်ပံ့ကာ ဆေးကုသဆောင်အလိုက် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းနှင့်တွေ့ဆုံ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ဦးဆောင်လမ်းညွှန်မှုနှင့် ပံ့ပိုးမှုနှင့်အညီ ကုသရေးလုပ်ငန်းများ တိုးတက်အောင်အားဖြည့်ဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတော်ရန်ပုံငွေဖြင့် လူနာများအတွက် အခြေခံလိုအပ်သောဆေးဝါးများ၊ အရေးကြီးလိုအပ်သောဆေးဝါးများ ရရှိနိုင်စေရေးထောက်ပံ့ပေးခြင်းနှင့် ဓာတ်ခွဲစစ်ဆေးမှုများ၊ ဓာတ်မှန်လုပ်ငန်းများ တိုးတက်ဆောင်ရွက်ပေးနိုင်ရေးလိုအပ်သည်များ ပံ့ပိုးစီစဉ်ပေးထားပါကြောင်းမှာကြားပြီး တင်ပြချက်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**စားသောက်ဖွယ်ရာများထောက်ပံ့**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ပြင်ပလူနာဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲခန်း၊ သွားနှင့်ခံတွင်းပြင်ပလူနာဌာန၊ ကလေးကုသဆောင်၊ သားဖွားမီးယပ် ကုသဆောင်၊ အထွေထွေ ဆေးကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ ဆေးပေးခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုပြီး လူနာများကိုတွေ့ဆုံအားပေးခြင်း၊ အာဟာရပြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ခြင်းတို့ ဆောင်ရွက်ပြီးအစည်းအဝေးခန်းတွင် ဆေးရုံအုပ်၊ အထူးကုဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် တွေ့ဆုံကာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ ကုသရေးလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်စေရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ဖိနပ်လုပ်ငန်းရှင်များ Cluster အဖွဲ့ချုပ် ဖွဲ့စည်းခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁၆**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဖိနပ်လုပ်ငန်းရှင်များ Cluster အဖွဲ့ချုပ် ဖွဲ့စည်းခြင်းအခမ်းနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာသီရိ သိမ်ကျောင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းမှ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်ညွန့်က ဖတ်ကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဖိနပ်လုပ်ငန်းရှင်များဥက္ကဋ္ဌ ဦးကံညွန့်က မြန်မာနိုင်ငံလုံးဆိုင်ရာ Cluster ဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့ချုပ်ဖွဲ့စည်းဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ Cluster ဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များ ရွေးချယ်တင်မြောက်ခြင်းကို သဘာပတိအဖွဲ့က အတည်ပြုချက်ရယူ၍ ရွေးချယ်တင်မြှောက်ခံရသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကံညွန့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး MSME Cluster ဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ် ၂၉ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ဖိနပ်လုပ်ငန်းအစုအဖွဲ့အလိုက် စုပေါင်းစွမ်းအားကို တည်ဆောက်နိုင်ခြင်းဖြင့် ဖိနပ်လုပ်ငန်းရှင်တစ်ဦးတစ်ယောက်တည်းဖြင့် မအောင်မြင် မရယူနိုင်သော ဈေးကွက်အခွင့်အလမ်းများကို အစုအဖွဲ့၏ စုစည်းအားဖြင့် ရယူထိုးဖောက်နိုင်ခြင်း၊ ဖိနပ်လုပ်ငန်းရှင်များ တွေ့ကြုံနေရသောအခက်အခဲနှင့် အတားအဆီးများကို အစုအဖွဲ့လိုက် ညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးနှင့် အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်သည်။

**သတင်းစဉ်**



မြန်မာနိုင်ငံလုံးဆိုင်ရာ ဖိနပ်လုပ်ငန်းရှင်များ Cluster အဖွဲ့ချုပ် ဖွဲ့စည်းခြင်းအခမ်းအနားကျင်းပစဉ်။

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့အဖြစ် ဘောဂဗေဒဘာသာရပ်နှင့် ဇီဝဗေဒဘာသာရပ်တို့ကို ဆက်လက်ဖြေဆို

**နေပြည်တော် မတ် ၁၆**

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် ဆဋ္ဌမနေ့အဖြစ် ဘောဂဗေဒဘာသာရပ်နှင့် ဇီဝဗေဒဘာသာရပ်တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်း မပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန်စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာလုံခြုံရေး အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။



နေပြည်တော်



မော်လမြိုင်မြို့

ယခုနှစ်တွင် ဘောဂဗေဒဘာသာရပ်အား နိုင်ငံခြားစာစစ်ဌာန ခြောက်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၂၈ ခု စာစစ်ဌာန စုစုပေါင်း ၈၃၄ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၉၈၀၄၁ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၈၃၅၁၀ ရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၈၅ ဒသမ ၁၈ ရာခိုင်နှုန်းရှိကြောင်းနှင့် ဇီဝဗေဒဘာသာရပ်အား နိုင်ငံခြားစာစစ်ဌာန ခြောက်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၇၆၂ ခု စာစစ်ဌာန စုစုပေါင်း ၇၆၈ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၄၈၄၈၂ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၄၅၁၂၅ ဦး ရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၃ ဒသမ ၀၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး မုန့်နှင့်အအေးဘူးများ ပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*

ကျောက်ခင်းခြင်းလုပ်ငန်းအား ခွင့်ပြုရန်ပုံငွေ ၃၃၃ ဒသမ ၃၅၂ ကျပ်သန်းဖြင့် ဆောင်ရွက်ပေးခဲ့ရာ လုပ်ငန်းရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ထိုသို့ဆောင်ရွက်ပေးခြင်းကြောင့် ကျေးရွာ ကိုးရွာမှ လူဦးရေ ၄၉၇၂ ဦးတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် မြေလမ်းမိုင် ၄၀ ၆ ဖာလုံ၊ အာမခံလမ်း ၃ မိုင် ၂ ဖာလုံ၊ ကျောက်လမ်း ၂၅ မိုင် ၅ ဖာလုံ၊ ကတ္တရာလမ်း ၁ မိုင် ၄ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာ ၇ မိုင် ၂ ဖာလုံ၊ ကွန်ကရစ်လမ်း ၂ မိုင် ၃ ဖာလုံ၊ ကွန်ကရစ်တံတား ၁၂ စင်း၊ Box Culvert ၁၅၆ စင်း၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်း လေးခု၊ ကျောက်စီရေမြောင်းလုပ်ငန်း သုံးခု၊ မြေထိန်းနံရံလုပ်ငန်း တစ်ခု၊ အုတ်ခြံစည်းရိုးကာရံခြင်း တစ်ခု၊ အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်း လေးတွင်း၊ တန်ဖိုးနည်းအိမ်ရာ တစ်လုံး၊ သာသနာရေးလုပ်ငန်း ၁၇ ခုနှင့် ဦးစီးဌာနလုပ်ငန်း သုံးခုကို စုစုပေါင်းရန်ပုံငွေ ၁၁၂၃၆ ဒသမ ၉၇ ကျပ်သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် တလိုင်းကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ တလိုင်းကုန်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၃၇ ပါးနှင့် ဒေသခံပြည်သူ ၉၁ ဦးတို့ကို လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင် (၂)ရပ်ကွက် မဟာဝိဇယကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၉၈ ပါးနှင့် ဒေသခံပြည်သူ ၃၈ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေပေးခြင်းနှင့် ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၇၇ နှစ်တာခရီး



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံခြားရေးဝန်ကြီးဌာနကို လွတ်လပ်ရေးမရမီ တစ်နှစ်ခန့်အလို ၁၉၄၇ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်ရာ ယနေ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၇)နှစ်မြောက် နှစ်ပတ်လည် ရက်မြတ်အခါသမယဖြစ်ပါသည်။**

မြန်မာ့နိုင်ငံတကာ ဆက်ဆံရေးသမိုင်းသည် ဘီစီ(၂)ရာစုမှစတင်ကာ နှစ်ပေါင်း ၂၀၀၀ ကျော်ရှိခဲ့သော်လည်း မျက်မှောက်ခေတ် မြန်မာ့နိုင်ငံတကာဆက်ဆံရေးကို အဖွဲ့အစည်းအထင်ကရဖြင့် မှတ်ကျောက်တင်နိုင်ခဲ့သည်မှာ ၇၇ နှစ်တာရှိပြီး ထိုကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာနသည် အင်အားသာမက စွမ်းရည်ပါတိုးတက်လာသည်ကို မြင်တွေ့နိုင်မည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဌာနကို ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် “Department of Foreign Service” အဖြစ် စတင်ထူထောင်စဉ်က အတွင်းဝန်တာဝန်ဖြင့် အရာထမ်းတစ်ဦး၊ အမှုထမ်း ရှစ်ဦးစုစုပေါင်း ဝန်ထမ်းအင်အား ကိုးဦးသာ ရှိခဲ့ပါသည်။ ၁၉၄၈ ခုနှစ် မေလ ၄ ရက်နေ့တွင် နိုင်ငံခြားရေးရုံး “Foreign Office” ဟု အမည်ပြောင်းလဲခဲ့ပြီး အတွင်းဝန်ရာထူးကိုလည်း အမြဲတမ်းအတွင်းဝန်အဖြစ် ပြောင်းလဲသုံးစွဲခဲ့ကြပါသည်။ လက်ရှိသုံးစွဲနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန “the Ministry of Foreign Affairs” (MOFA) အမည်ကို ၁၉၆၇ ခုနှစ် မေလ ၂၅ ရက်နေ့တွင် စတင် သုံးစွဲခဲ့ခြင်းဖြစ်ပြီး လက်ရှိကာလတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်မှုဖြင့် ပြည်တွင်းပြည်ပရှိ ဝန်ထမ်းအင်အား တစ်ထောင်ကျော်တို့ဖြင့် ဝန်ကြီးဌာန၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။ အင်အား၏ သုံးပုံနှစ်ပုံမှာ မြန်မာပြည်ရှိ ဌာနချုပ်တွင် ထမ်းဆောင်လျက်ရှိပြီး သုံးပုံတစ်ပုံမှာ ကမ္ဘာတစ်လွှားရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး ၅၁ ရုံးတွင် အသီးသီး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

**ကောင်းမွန်သည့် နိုင်ငံ့ပုံရိပ် ဖော်ဆောင်ရေး**

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဆယ်စုနှစ်ခုနစ်ခုကျော် ကာလတစ်လျှောက်တွင် နိုင်ငံနှင့်ပြည်သူ့အကျိုးကိုရှေးရှုသည့် “လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ” ကို အကောင်အထည်ဖော်ကာ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောင်းမွန်သည့် နိုင်ငံ့ပုံရိပ်ဖော်ဆောင်ရေးကို ကြိုးပမ်းလျက်ရှိပါသည်။

မြန်မာ့လွတ်လပ်ရေးရရှိပြီးနောက် အစိုးရများလက်ထက်တွင် ထူးချွန်သည့် မြန်မာနိုင်ငံသားသံတမန်တစ်ဦးဖြစ်ပြီး ကုလသမဂ္ဂတွင် ၁၉၆၁ မှ ၁၉၇၁ ခုနှစ်အထိ အတွင်းရေးမှူးချုပ် တာဝန်ကို သက်တမ်း နှစ်ကြိမ်တိုင် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးသန့်သည် ကျူးဘားအရေးအခင်း၊ ကွန်ဂိုပြည်တွင်းစစ် အဆုံးသတ်ရေး၊ အင်အားကြီးနိုင်ငံများအကြား တင်းမာမှုလျှော့ချရေးတို့တွင် စွမ်းစွမ်းတမံဆောင်ရွက်ကာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ပံ့ပိုးပေးနိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် သံတမန်တစ်ဦးဖြစ်ခဲ့ရာ မြန်မာ့ပုံရိပ်ကို ကမ္ဘာတွင် အထင်အရှားဖြစ်စေခဲ့ပါသည်။



ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး၏ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။ (၂၀-၁-၂၀၂၄)

ကမ္ဘာ့ငြိမ်းချမ်းရေးကိုဦးတည်သည့် နိုင်ငံတကာဆက်ဆံရေးသမိုင်းတွင် အထင်ကရဖြစ်သည့် “ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်” ကို ၁၉၅၄ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယတို့နှင့် ပူးတွဲချမှတ်နိုင်ခဲ့ခြင်းသည်လည်း သမိုင်းဝင်ကြိုးပမ်းချက်တစ်ရပ်ဖြစ်သည်။ ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများအကြား ငြိမ်းချမ်းစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရေး ဦးတည်သည့် အဆိုပါ “မူကြီး(၅)ချက်”မှာ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် အပြန်အလှန်လေးစားရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်ခြင်းနှင့် ပြည်တွင်းရေးစွက်ဖက်ခြင်းမပြုရန်၊ တန်းတူညီမျှရှိပြီး အပြန်အလှန်အကျိုးပြုကာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ” များ ဖြစ်ပါသည်။

ထိုမှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ၁၉၅၅ ခုနှစ် ဧပြီလတွင် အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ပါကစ္စတန်တို့နှင့် ဘန်ဒေါင်းကွန်ဖရင့်ကို ပူးတွဲ ကမကထပြုကာ မြန်မာနိုင်ငံ၏ သံတမန်ရေးရာ ဦးဆောင်မှုကို ဖော်ညွှန်းသည့် မှတ်တိုင်တစ်ရပ် စိုက်ထူနိုင်ခဲ့ပါသည်။ အဆိုပါ ကွန်ဖရင့်တွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုသည့် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး “ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်” ကို ထပ်လောင်းထင်ဟပ်သည့် ဘန်ဒေါင်းမူကြီး (၁၀) ရပ်ကို ထုတ်ပြန်ကာ အာရှနှင့်အာဖရိကမှ လွတ်လပ်သောနိုင်ငံအသစ်များအကြား ပူးပေါင်းဆောင်ရွက်မှုကို အစပျိုးနိုင်ခဲ့ကြပါသည်။

**ဘက်မလိုက်အဖွဲ့ကြီး ထူထောင်ရေး**

အလားတူပင် ၁၉၆၁ ခုနှစ်တွင် ဘက်မလိုက်အဖွဲ့ကြီး ထူထောင်ရေးတွင်လည်း မြန်မာနိုင်ငံမှ တက်ကြွစွာပါဝင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလ ၁၇-၁၈ ရက်နေ့များတွင် ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပခဲ့သည့် ဘက်မလိုက်အဖွဲ့ကြီး၏ ဝန်ကြီးများအဆင့်အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုနီးကပ်သည့်ဆက်ဆံရေးများ တိုးမြှင့်ကာ ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများအတွက် ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ တန်းတူညီမျှရေး ဖွံ့ဖြိုးရေးတို့ကို ကြိုးပမ်းသွားလိုကြောင်း ပြည်ထောင်စုဝန်ကြီးက အလေးထားပြောကြားခဲ့ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်များတွင် ကြုံတွေ့ခဲ့ရသည့် အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုများအကြားမှပင် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂမျက်နှာစာနှင့် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၏အရှိန်ကို ထိန်းသိမ်းကာ နိုင်ငံတော် လုံခြုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရေး ကြိုးပမ်းမှုများကို ပံ့ပိုးခဲ့ပါသည်။

နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အလေးထားသည့်နိုင်ငံအဖြစ် မြန်မာနိုင်ငံ၏ ပုံရိပ်ကို ထင်ဟပ်နိုင်စေရေး၊ လက်နက်ဖျက်သိမ်းရေးကဏ္ဍတွင် တက်ကြွစွာပါဝင်ကာ နျူကလီးယားလက်နက်တားဆီးရေးစာချုပ်၊ နျူကလီးယားစမ်းသပ်မှု အလုံးစုံ တားဆီးရေးစာချုပ်တို့တွင် လက်မှတ်ရေးထိုးခြင်း၊ နျူကလီးယားလုံခြုံစိတ်ချစွာ သုံးစွဲရေးဆိုင်ရာ ကွန်ဗင်းရှင်း၊ နျူကလီးယားဆိုင်ရာပစ္စည်းများ ကာကွယ်တားဆီးခြင်း ဆိုင်ရာကွန်ဗင်းရှင်း စသည်တို့တွင် ပါဝင်ခဲ့ပါသည်။ အထူးသဖြင့် ဂျကာတာ၊ ဂျီနီဗာနှင့် နယူးယောက်မြို့ရှိဖိုရမ်များတွင် အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုန်ကို လေးစားလိုက်နာရေး အပါအဝင် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ဆွေးနွေးမှုများတွင် တက်ကြွစွာ ပါဝင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ နိုင်ငံတကာလုံခြုံရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ပထမကော်မတီတွင် နျူကလီးယားလက်နက်ဖျက်သိမ်းရေးဆိုင်ရာ အဆိုမူကြမ်းကို ကုလသမဂ္ဂကအဖွဲ့ဝင် အများစု၏ ထောက်ခံမှုဖြင့် တင်သွင်းခဲ့ပါသည်။

**“ကမ္ဘာ့ငြိမ်းချမ်းရေးကိုဦးတည်သည့် နိုင်ငံတကာဆက်ဆံရေးသမိုင်းတွင် အထင်ကရဖြစ်သည့် “ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်” ကို ၁၉၅၄ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယတို့နှင့် ပူးတွဲချမှတ်နိုင်ခဲ့ခြင်းသည်လည်း သမိုင်းဝင်ကြိုးပမ်းချက်တစ်ရပ်ဖြစ်သည်။ ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများအကြား ငြိမ်းချမ်းစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရေး ဦးတည်သည့် အဆိုပါ “မူကြီး(၅)ချက်”မှာ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် အပြန်အလှန်လေးစားရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျူးကျော်ခြင်းနှင့် ပြည်တွင်းရေးစွက်ဖက်ခြင်းမပြုရန်၊ တန်းတူညီမျှရှိပြီး အပြန်အလှန်အကျိုးပြုကာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ” များဖြစ်**

## နိုင်ငံခြားရေးဝန်ကြီးဌာန

**အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ခြင်း**

၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ခြင်းသည်လည်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ သမိုင်းမှတ်တိုင်တစ်ရပ် ဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ချိန်မှစတင်၍ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းပေါင်းစည်းရေးတွင် အာဆီယံနှင့်အတူ လိုက်ပါဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများရှိခဲ့ပါသည်။ အဖွဲ့ဝင်အားလုံး အပြန်အလှန်စိတ်ဝင်စားမှုရှိသည့်ကိစ္စရပ်များကို ဆွေးနွေးအဖြေရှာရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ အဆင်ပြေမှုကို လေးစားလိုက်နာပြီး အတူတကွ ပူးပေါင်းဖြေရှင်းနိုင်ရေးတွင် ပါဝင်လျက်ရှိပါသည်။

၂၀၁၁-၂၀၁၅ ကာလ သံတမန်ရေးအရ ပြန်လည်ဦးမော့လာစေရေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၂၊ ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်များတွင် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကမ်မရွန်း၊ အမေရိကန်သမ္မတအိုဘားမားနှင့် နိုင်ငံခြားရေးဝန်ကြီး ဟေလာရီကလင်တန်တို့၏ ခရီးစဉ်များကို လက်ခံစီစဉ်ပေးနိုင်ခဲ့ပါသည်။

ထို့အပြင် ၂၀၁၃ ခုနှစ်တွင် အာရှဒေသဆိုင်ရာ ကမ္ဘာ့ စီးပွားရေးဖိုရမ်ကို လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးများကိုလည်းကောင်း လက်ခံကျင်းပကာ ကွန်ဖရင့်ဒီပလိုမေစီကို မြှင့်တင်နိုင်ခဲ့သည်။ အဆိုပါ ၂၀၁၁-၂၀၁၅ ကာလအတွင်း မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှု အကူအညီများရရှိမှု သုံးဆမြင့်တက်ခဲ့ပြီး ကုန်သွယ်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှုများလည်း သိသိသာသာတိုးတက်ခဲ့ပြီး ယင်းတိုးတက်မှုများအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက တက်ကြွစွာ ပံ့ပိုးခဲ့ပါသည်။

အလားတူပင် ၂၀၁၆-၂၀၂၀ ကာလများတွင် သံရေးတမန်ရေး အောင်မြင်မှုများစွာ ဖော်ဆောင်နိုင်ခဲ့ပြီး အမေရိကန်နှင့် ဥရောပသမဂ္ဂတို့၏ စီးပွားရေးပိတ်ဆို့မှုများကိုလည်း ဖယ်ရှားနိုင်ခဲ့ကာ ကမ္ဘာ့နိုင်ငံရေး စီးပွားရေး အင်အားကြီးနိုင်ငံများနှင့် ပိုမိုကောင်းမွန်သည့်ဆက်ဆံရေးများ ဖော်ဆောင်နိုင်ခဲ့သည်။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကြီး၏ လမ်းညွှန်ချက်များဖြစ်သည့် အခြေခံဥပဒေ အပိုဒ် ၄၁၊ ၄၂ (က) နှင့် (ခ)တို့အရ ငြိမ်းချမ်းစွာအတူယှဉ်တွဲရေးမူကြီး(၅)ရပ်နှင့်အညီ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ကာ နိုင်ငံတကာတွင် ထားရှိရမည့်ကတိကဝတ်များကို လေးစားလိုက်နာလျက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ တာဝန်များကို တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ယနေ့ခေတ်တွင် ပထဝီနိုင်ငံရေးစိန်ခေါ်မှုများ၊ နည်းပညာဖွံ့ဖြိုးမှု၏ ဘေးထွက်ဆိုးကျိုးများ၊ သတင်းမီဒီယာ၏ အဆိပ်အတောက်ဖြစ်စေမှုများ အပါအဝင် ပိုမိုရှုပ်ထွေးသည့် ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ စိန်ခေါ်မှုများစွာကို မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနည်းတူ ရင်ဆိုင်လျက်ရှိပါသည်။ ထိုစိန်ခေါ်မှုများနှင့်ဆက်စပ်သည့် ပြည်တွင်း၊ ဒေသတွင်းနှင့် ကုလသမဂ္ဂမျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် ရိုက်ခတ်မှုများကို ကျော်လွှားကာ၊ နိုင်ငံနှင့်ပြည်သူများ အကျိုးစီးပွားဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

*စာမျက်နှာ ၇ သို့*




*စာမျက်နှာ ၆ မှ*

**မြန်မာနိုင်ငံသားများ အကျိုးဖော်ဆောင်ရေး**

ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံနေသည့် မြန်မာနိုင်ငံသားများ အကျိုးဖော်ဆောင်ရေး လုပ်ငန်းရပ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ အရေးပါသော လုပ်ငန်းရပ်တစ်ခုအဖြစ် သတ်မှတ်ကာ အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွင် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် အကျဉ်းကျခံပြီးသူ ၂၀၇၅ ဦးနှင့် ၂၆၇၁၆ ဦး တို့ကို မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပါသည်။ ထို့အတူ အရှေ့အလယ်ပိုင်းဒေသနိုင်ငံအချို့တွင် သွားရောက်အလုပ်လုပ်ကိုင်ပြီး အလုပ်ရှင် အလုပ်သမား ပြဿနာများကြုံတွေ့ရ၍ နေရပ်ပြန်ရန် အခက်အခဲဖြစ်နေသည့် နိုင်ငံသား ၁၆၄ ဦးတို့ နေရပ်ပြန်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများရှိ အာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

အလားတူပင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မိမိနယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုဂိုဏ်းများ၏ လှည့်ဖြားခံရခြင်းအပါအဝင် အခြားအကြောင်းအမျိုးမျိုးဖြင့် တရားမဝင် ရောက်ရှိခဲ့ကာ နေရပ်ပြန်ရန် အခက်အခဲရှိနေသည့် နိုင်ငံပေါင်း ၂၄ နိုင်ငံမှ နိုင်ငံသား ၅၂၈၂၃ ဦးကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါသည်။

❂ ၂၀၁၆ - ၂၀၂၀ ကာလများတွင် သံရေးတမန်ရေးအောင်မြင်မှုများစွာ ဖော်ဆောင်နိုင်ခဲ့ပြီး အမေရိကန်နှင့် ဥရောပသမဂ္ဂတို့၏ စီးပွားရေးပိတ်ဆို့မှုများကိုလည်း ဖယ်ရှားနိုင်ခဲ့ကာ ကမ္ဘာ့နိုင်ငံရေး စီးပွားရေးအင်အားကြီးနိုင်ငံများနှင့် ပိုမိုကောင်းမွန်သည့်ဆက်ဆံရေးများ ဖော်ဆောင်နိုင်ခဲ့

❍ ယနေ့ခေတ်တွင် ပထဝီနိုင်ငံရေးစိန်ခေါ်မှုများ၊ နည်းပညာဖွံ့ဖြိုးမှု၏ ဘေးထွက်ဆိုးကျိုးများ၊ သတင်းမီဒီယာ၏ အဆိပ်အတောက်ဖြစ်စေမှုများ အပါအဝင် ပိုမိုရှုပ်ထွေးသည့် ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာစိန်ခေါ်မှုများစွာကို မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနည်းတူ ရင်ဆိုင်လျက်ရှိ

**ကြံ့ခိုင်မှုမှသည် ပိုမိုသန့်စွမ်းမှုသို့**

စိန်ခေါ်မှုများကို ဘက်ပေါင်းစုံမှ ကြုံတွေ့နေရသည့် ယနေ့ခေတ်ကာလတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာသံတမန်များ၏ ကြံ့ခိုင်မှုပိုမိုပေါ်လွင်စေပါသည်။ အထူးအားဖြင့် နိုင်ငံအချို့သည် ကုလသမဂ္ဂ မျက်နှာစာနှင့် အာဆီယံမျက်နှာစာတွင် အစဉ်အဆက်လိုက်နာခဲ့ကြသည့် "မူကြီး" များကို အလေးထားမှုမရှိကြသည့် အခက်အခဲဆုံးကာလတွင်ပင် မြန်မာနိုင်ငံသည် နိုင်ငံစုံစနစ်၊ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်းကို အလေးထားကာ မိမိတို့ကတိကဝတ်များကို မသွေဖည်ကြောင်း သက်သေပြနိုင်ခဲ့ပါသည်။ ကြံ့ခိုင်မှုမှသည် ပိုမိုသန့်စွမ်းမှုသို့ ဦးတည်ကာ နိုင်ငံခြားရေးမူဝါဒရည်မှန်းချက်များ ပြည့်မီစေရန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

ရှေးယခင်ကပင် အင်ပါယာကြီးသုံးခုအကြားတွင် လက်ရုံးရည်နှင့် နှလုံးရည်အားဖြင့် စည်းလုံးညီညွတ်တင့်တယ်စွာရပ်တည်ခဲ့သည့် မြန်မာနိုင်ငံ၏ အစဉ်အလာနှင့် အတွေ့အကြုံကောင်းများကို အခြေခံကာ ယနေ့ခေတ် ကြုံတွေ့နေကြရသည့် ပထဝီနိုင်ငံရေးအခြေအနေများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ ရာသီဥတုပြောင်းလဲမှု စသည့် စိန်ခေါ်မှုများကို နှစ်နိုင်ငံချင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာသံတမန်များက အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်ပါသည်။

(၇၇)ကြိမ်မြောက် နှစ်ပတ်လည်အခါသမယတွင် မြန်မာ့သမိုင်းတစ်လျှောက် ရှုပ်ရှုပ်ချုံချုံ တာဝန်ထမ်းဆောင်ခဲ့ကြသည့် သံတမန်ကြီးများကို ဂုဏ်ပြုလျက် မျိုးဆက်သစ်သံတမန်များသည်လည်း၊ ခေတ်သစ်၏ အင်အားသစ်များ၊ နည်းပညာသစ်များ ဖန်တီးနိုင်စွမ်းများကို အသုံးချကာ ပိုမိုငြိမ်းချမ်း၊ စည်ပင်ကာ မြန်မာ့ပုံရိပ်ကောင်းများ ပေါ်ထွန်းစေမည့် နိုင်ငံခြားရေးမူဝါဒ ဦးတည်ချက်များ ပြည့်မီရေးကို ပိုမိုပြောင်မြောက်စွာ စွမ်းဆောင်နိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။ ။



မလေးရှားနိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံပြီးနောက် ထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံသား ၃၉၁ ဦးတို့သည် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် Malaysia Airlines စင်းလုံးငှားအထူးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ်။ (၁၁-၅-၂၀၂၀)

# ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်ပြုလုပ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးပြီး (၁၃-၃-၂၀၂၄)ရက်နေ့တွင် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းအား အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာအမှတ်(၃၁/၂၀၂၄)ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာအရ မည်သူမဆို ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ် လျှောက်ထားပြီးမှ လုပ်ကိုင်ရမည်ဖြစ်ပါသည်။ မှတ်ပုံတင်လက်မှတ်ကို ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး (၁)လပြည့်မြောက်သည့်နေ့မှစ၍ လျှောက်ထားရန်နှင့် မှတ်ပုံတင်လက်မှတ်အား (၁)နှစ်သက်တမ်း ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

မှတ်ပုံတင်လက်မှတ်လျှောက်ထားရမည့် လုပ်ငန်းအမျိုးအစားများမှာ -

(က) ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ရုံတည်ထောင်ခြင်း၊

(ခ) ရုပ်ရှင်ဆိုင်ရာ အက်ပလီကေးရှင်းများ လွှင့်တင်ခြင်း၊

(ဂ) ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း တို့ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းတစ်မျိုးမျိုး လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှတစ်ဆင့် ဤဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်အမှတ်(၃၂/၂၀၂၄) အခန်း(၂)အရ သတ်မှတ်ပုံစံနှင့်အတူ လျှောက်ထားရမည်ဖြစ်ပါသည်။

မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်း၊ မှတ်ပုံတင်လက်မှတ်ရရှိသူသည် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ထုတ်လွှင့်ပြသမည့် ရုပ်ရှင်ကားကို ရုပ်ရှင်ကားစိစစ်ရေးအဖွဲ့ထံ တင်ပြစိစစ်မှုမပြုဘဲ ထုတ်လွှင့်ပြသခြင်း၊ သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ခြင်းတို့ ဆောင်ရွက်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ အရ အရေးယူခြင်းခံရပါမည်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း ၀၁-၇၅၃၆၃၆၁ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၁၆**

ရှမ်းပြည်နယ်မှ (အရှေ့ပိုင်း) မှ ဂေါပကအဖွဲ့အုပ်ချုပ်သူ နှစ်ဦး၊ အဖွဲ့ဝင် ၂၆ ဦး စုစုပေါင်း ၂၈ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား လာရောက်ဖူးမြော် ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထား ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထား ကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံ စေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထား ပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

## ရှင်းလင်းဖြေကြား

ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ယင်းနောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

## လေ့လာကြည့်ရှု

ယင်းနောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင် မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာ ဂေါပကအဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ တိုက်များအတွင်း၌ လေ့လာ ကြည့်ရှုကြသည်။

ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် ဗုဒ္ဓ ဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပခဲ့သည့် မဟာမင်္ဂလာ အခမ်းအနားများတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယ ဆင်းတုတော်ကြီးအား အစိတ်အပိုင်းလေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းဓာတ်ပုံများ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိသာသနဝ္ဇမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက် ဖူးမြော် လေ့လာကြည်ညိုခဲ့ကြသည်။(ဝဲပုံ)

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၌ ပညာရပ်ဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲကျင်းပ

**မန္တလေး မတ် ၁၆**

ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ(၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မဏ္ဍူသကဆောင်၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖုံ၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ သဘာပတိအဖြစ် ဆောင်ရွက်ကြမည့် စာပေနှင့်အနုပညာ နယ်ပယ်အသီးသီးမှ ပညာရှင်ကြီးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ စာတမ်းရှင်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



စာတမ်းဖတ်ပွဲတွင် ဒုတိယဝန်ကြီးက ယနေ့ကျင်းပသည့် ပညာရပ်ဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲတွင် အနုပညာရပ်ဆိုင်ရာ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ် စာတမ်းများသာမက စာပေ ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းများ အပါအဝင် သုတေသနစာတမ်းခြောက်စောင် ဖတ်ကြားသွားမည်ဟု သိရှိရပါကြောင်း၊ တက္ကသိုလ်၏ အသက်သည် သုတေသန(Research)ဖြစ်ပါကြောင်း၊ နိုင်ငံတကာ တက္ကသိုလ်များနှင့် ရင်ပေါင်တန်းနိုင်ရန် သုတေသနလုပ်ငန်းများကို အမြဲလုပ်ဆောင်ရန်လိုကြောင်း၊ သုတေသနပြုပြီးသည့်အခါတွင်လည်း လက်တွေ့အသုံးချ ဆောင်ရွက်နိုင်ရန် များစွာလိုအပ်ပါကြောင်း။

ယနေ့ခေတ်ကာလတွင် နိုင်ငံတကာ ယဉ်ကျေးမှုများ နယ်နိမိတ်အတားအဆီးမရှိ စီးဆင်းပျံ့နှံ့လျက်ရှိကြောင်း၊ မတူညီသည့် ယဉ်ကျေးမှုများအပေါ် နားလည်လက်ခံကြရမည် ဖြစ်သကဲ့သို့ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုများအပေါ် အခြားယဉ်ကျေးမှုများ လွှမ်းမိုးမသွားစေရန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုများ ထာဝစဉ်တည်တံ့နေစေရန်၊ မျိုးဆက်သစ်များထံ လက်ဆင့်ကမ်း အမွေပေးနိုင်ရန် လွန်စွာအရေးကြီးပါကြောင်း၊ နိုင်ငံတကာတွင်လည်း မြန်မာ့ယဉ်ကျေးမှုကို ပြသနိုင်ရန်နှင့် ပြန့်ပွားအောင်ဆောင်ရွက်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ (မြန်မာစာ) နည်းပြ ဒေါ်အိကူးက "မင်းလူ၏ ရင်ထဲကဆောင်းရာသီ ဝတ္ထုရှည်မှ ဇာတ်ဆောင်စရိုက်ဖန်တီးပုံ" စာတမ်း၊ (ဂီတ)နည်းပြ ဦးမင်းမင်းမြတ်က "အလှူတော်မင်္ဂလာ ဆိုင်းတီးချက်၊ တီးလက်များ" စာတမ်း၊ (သဘင်) လက်ထောက်ကထိက ဒေါ်မြင့်မြင့်အေးက "မြန်မာ့ဇာတ်သဘင်နှင့် တမ်းချင်း၊ ညည်းချင်း ကဗျာတို့၏ ဆက်နွယ်မှုလေ့လာချက်" စာတမ်း၊ (ပန်းချီ) နည်းပြ ဒေါ်မြင့်မြင့်ဝင်းက "မြန်မာမှုလက်ရာများတွင် တွေ့ရှိရသော နတ်ဝတ်အဆင်တန်ဆာများ လေ့လာခြင်း" စာတမ်း၊ (ပန်းပု) ကထိက ဒေါ်မြတ်သီရိအောင်က "သဘာဝနှင့် အနုပညာ ဆက်နွယ်မှုအား ပန်းပုပညာ ရှုထောင့်မှ လေ့လာခြင်း"စာတမ်း၊ (ရုပ်ရှင်နှင့်ပြဇာတ်) နည်းပြ ဒေါ်ဇင်သူမောင်မောင်က "ရုပ်ရှင်ဇာတ်ကားများ တည်းဖြတ်ရာတွင် 3ds Max နည်းပညာ၏ အရေးပါပုံကို လေ့လာခြင်း" စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများနှင့် အပြန်အလှန် မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မဏ္ဍူသကဆောင်ရှိ ပန်းချီ ပန်းပုပြခန်းကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ကောင်စီနယ်မြေအတွင်း လုပ်ငန်းများကွင်းဆင်းစစ်ဆေး

**နေပြည်တော် မတ် ၁၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုဗ္ဗသီရိမြို့နယ် ရွာတော်ဘူတာရှေ့ သံလွင်လမ်းမကြီး လမ်းဘေးဝဲ/ယာ၊ ကားလမ်းမကြီးနှင့် ရထားသံလမ်းကြားတွင် နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ချုံနွယ်များ၊ ပေါင်းမြက်များ၊ အမှိုက်များရှင်းလင်းခြင်းစသည့် သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇေယျာသီရိမြို့ သစ်တပ်ကျေးရွာအုပ်စု ပင်လောင်းလမ်းဘေးကွင်းအမှတ် ၁၆၁၉ ကွင်းရှိ ယာယီရှင်းလင်းဆောင်တွင် နွေသီးနှံစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံပြီး တောင်သူများကို နှမ်းမျိုးစေ့များနှင့် သဘာဝမြေဩဇာများကို ထောက်ပံ့ပေးအပ်ပြီး ကြို့ပင်ရေမြှင့်ရေထိန်းရေတံခါးအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိုလှုပ်ရှားမှု ဆေးကုသပေးခြင်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အမျိုးသားပရဆေးဥယျာဉ်အတွင်း မြန်မာ့တိုင်းရင်းဆေးအတွက် အသုံးပြုမည့် ဆေးဖက်ဝင်ပရဆေးပင်များ စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ သည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ နေပြည်တော်ကောင်စီဝင်များ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားရုံ၌ ကျင်းပသည့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ်၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီနာယက၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြန်မာ



နိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲဝင့်ထွန်းတင်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖွင့်လှစ်ပေးရာ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ရွှေခြင်းလုံးအသင်းနှင့် SCL Sport Mediaအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

၂၀၂၄ ခုနှစ်၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို မတ် ၁၆ ရက်မှ ၂၂ ရက်အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသား သုံးယောက်တွဲပြိုင်ပွဲဝင်အသင်း ၁၃ သင်း၊ အမျိုးသား လေးယောက်တွဲပြိုင်ပွဲဝင် အသင်း ၁၃ သင်းနှင့် အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲဝင် အသင်း ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များ၏ ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်စာမေးပွဲများ ကျင်းပ

**နေပြည်တော် မတ် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ် ဒုတိယနှစ်ဝက် စာမေးပွဲကို ဒုတိယနှစ်နှင့် စတုတ္ထနှစ် ကျောင်းသား ကျောင်းသူ ၃၂၃ ဦးက စာမေးပွဲစည်းမျဉ်းစည်းကမ်းနှင့်အညီ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



အလားတူ ဒုတိယဝန်ကြီးအဖွဲ့သည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ် ဘွဲ့ကြိုသင်တန်းများ၏ နှစ်ဝက်အတန်းတင်စာမေးပွဲများကို ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၄၄ ဦးက စာမေးပွဲစည်းမျဉ်းစည်းကမ်းနှင့် အညီ ဖြေဆိုနေမှုများကို ကြည့်ရှုအားပေးကြသည်။

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နောက်ဆုံးနှစ် မွေးမြူရေးပညာသင်တန်းမှ ကျောင်းသား ကျောင်းသူများသည် ပျားမွေးမြူရေးပညာရပ် သင်ကြားရာတွင် စာတွေ့၊ လက်တွေ့နှိုင်းယှဉ်လေ့လာနိုင်ရေးအတွက် စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့ရှိ နေကြာစိုက်ခင်းများတွင် ဝတ်ရည်စုပျားတို့၏ ဝတ်မှုန်ကူးခြင်း၊ ပျားအုံအတွင်း ပျားသားလောင်းများ ပေါက်ပွားမှု၊ ပျားစာ ဝတ်ရည်နှင့် ဝတ်မှုန်များကို စနစ်တကျ ထားသိုတတ်သည့် လုပ်သားပျားတို့၏ သဘာဝတို့ကို စာတွေ့လက်တွေ့ လေ့လာခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် အဆင့်မြင့်စိုက်ပျိုးရေး သုတေသနနှင့် ပညာရေးဗဟိုဌာန (Advanced Center for Agricultural Research and Education-ACARE) တွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ သုတေသနတာဝန်ခံများနှင့် တွေ့ဆုံ၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်နှစ်မှ စတင်၍ ဘွဲ့လွန်သင်တန်းများကို နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်တင် ဆောင်ရွက်ရန်၊ အရည်အသွေးပြည့်ဝသော ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး၊ သုတေသနဆောင်ရွက်ချက်များ ပါဝင်သည့် အဆင့်မြင့်စိုက်ပျိုးရေးပညာများ သင်ကြားပေးနိုင်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးကင်းလုံခြုံသော ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ပညာရှင်များအပိုင်းက ကြိုပမ်းရေးနှင့် နိုင်ငံတော်၏ စားသုံးဆီဖူလုံပိုလျှံရေးကြိုးပမ်းမှုကို အထောက်အကူဖြစ်စေမည့် သုတေသနများ အလေးထားဆောင်ရွက်ရန် လိုအပ်ချက်များ၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ဘွဲ့ရပြီးပါက နိုင်ငံအတွက် လိုအပ်လျက်ရှိသော စိုက်ပျိုးစီးပွားရေးကို အခြေခံသည့် MSME လုပ်ငန်းများကို လုပ်ကိုင်လာကြစေရန်၊ စိုက်ပျိုးရေးတက္ကသိုလ်၏ အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန၏ သုတေသနနှင့်စီမံခန့်ခွဲမှုဌာနကို မိုလ်ဘိုင်း နည်းပညာ၊ ဝက်ဘ်ကွန်ရက်နည်းပညာဖြင့် တောင်သူလယ်သမားများ၊ သုတေသီများနှင့် စိုက်ပျိုးရေးလုပ်ကိုင်သူလုပ်ငန်းရှင်များအား အွန်လိုင်းဖြင့် နည်းပညာပေး လုပ်ငန်းများကို တီထွင်လုပ်ကိုင် ပညာပေးရန်၊ ရိတ်သိမ်းချိန်လွန်နည်းပညာဌာနတွင် ဆီထွက်သီးနှံများ၏ ဆီကြိတ်ဖတ်အမျိုးမျိုး၌ ဆီကျန်မှုရာခိုင်နှုန်းအား ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆင်းရွှေကြာ (၂) နေကြာမျိုးအား မျိုးမြှင့်တင်ခြင်း သုတေသနဆောင်ရွက်ထားရှိမှုနှင့် တက္ကသိုလ်ပင်မ စာကြည့်တိုက်တွင် အပင်မျိုးမွေးမြူရေးဆိုင်ရာ စာအုပ်စာတမ်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး၌ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူစိစစ်ခြင်းနှင့် Unique ID ထုတ်ပေးခြင်းဆောင်ရွက်

**မုံရွာ မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူစိစစ်ခြင်းနှင့် Unique ID ထုတ်ပေးခြင်း လုပ်ငန်းများကို သတ်မှတ်နေရာအသီးသီးတွင် နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁၅ ရက်အထိ လူဦးရေ ၄၄၁၆၈ ဦးအား ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူစိစစ်ပြီးဖြစ်သည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ရုံးများ၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူပြီး Database တွင် သိမ်းဆည်း၍ မတူညီသော ဂဏန်း ဆယ်လုံးပါဝင်သည့် Unique ID နံပါတ်ပါကတ်များကို နေ့ချင်းပြီး အခမဲ့ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ဖန်းမော်ခရိုင်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများဆွေးနွေး

**ဖန်းမော် မတ် ၁၆**

ကချင်ပြည်နယ် ဖန်းမော်ခရိုင်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိနားလည်နိုင်စေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဆွေးနွေးပွဲကို မတ် ၁၆ ရက် မွန်းလွဲ ၂ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးသက်ထွန်းက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပေါင်းကူးယှက်နွယ် ချစ်ကြိုးသွယ် ရောမြေမှ ပမ္မဝတီတံတား ( မြင်းကဆိပ် )

မော်ကျွန်း - မြင့်အောင်

လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ခြင်းသည် နိုင်ငံတိုင်းအဖို့ အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင်လည်း နိုင်ငံတိုင်းက အလေးထား ကြိုးပမ်းစွမ်းဆောင်လျက် ရှိနေကြသည်။

နိုင်ငံတစ်နိုင်ငံသည် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာပါလျှင် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကုန်စည်စီးဆင်းမှုများလည်း တိုးတက်ကောင်းမွန်လာမည် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ နိုင်ငံစီးပွားရေးသည်လည်း လိုက်ဖက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာမည်မှာ ဧကန်မလွဲဖြစ်ပေသည်။

### လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုမရှိလျှင် ကမ္ဘာပေါင်းစုံ နောက်ကျကျန်နေမည်

နိုင်ငံအတွက် အရေးပါသော လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုမရှိပါလျှင် မည်သည့်နိုင်ငံမဆို ဖွံ့ဖြိုးတိုးတက်မှု မရရှိနိုင်ပါ။ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုမှာလည်း ကမ္ဘာပေါင်းစုံတို့တွင် နောက်ကျကျန်နေမည်သာ ဖြစ်ပေသည်။

စာရေးသူတို့ မြန်မာနိုင်ငံတွင်လည်း လမ်းပန်းဆက်သွယ်ရေးတွင် အရေးပါသော လမ်း၊ တံတားများကို နိုင်ငံတစ်ဝန်း အကြားအလပ် မရှိရအောင် အလေးထား တည်ဆောက်ပြုပြင် ဆောင်ရွက်လျက် ရှိနေကြသည်။

သို့ဖြစ်ပေရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးတွင်လည်း လမ်း၊ တံတားများကို တည်ဆောက်ပေးလျက်ရှိရာ ဒေသဖွံ့ဖြိုးအလှ တိုးလျက်ရှိနေကြသည်။ မြန်မာပြည် တစ်ဝန်းရောင်စုံအလှပန်းများဖြင့် ဖူးပွင့်ဝေဆာလျက်ရှိနေကြပေသည်။

ယခင်က မြစ်ချောင်းများပေါ်များသဖြင့် လမ်းပန်းဆက်သွယ်ရေး မလွယ်ကူသော ရောဝတီတိုင်းဒေသကြီးပင်လျှင် ယခုအခါ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်သွားပြီ ဖြစ်သည်။ ရောဝတီတိုင်းဒေသကြီးအတွင်း ကုန်းလမ်းခရီး မပေါက်သော မြို့နယ်ဟူ၍ မရှိ။ မြို့နယ်တိုင်း၊ မြို့နယ်တိုင်းတွင် တစ်မြို့နယ်မှ တစ်မြို့နယ်သို့ အချိန်မရွေး၊ အခါမရွေး ဆက်သွယ်သွားလာ နိုင်ကြသည်။ ကျေးရွာချင်းဆက် မြို့သို့တက် ဆိုသည့်အတိုင်း လမ်းမကြီးများနှင့် ချိတ်ဆက်၍ မြို့သို့ အချိန်မရွေး ကုန်းလမ်းခရီးဖြင့် လာရောက်နိုင်ကြသည်။ ရောင်းဝယ်ဖောက်ကားနိုင်ကြသည်။ မြို့ပေါ်ဈေးကွက်များသို့ ဒေသထွက်ကုန်အမယ်စုံကို အချိန်မီ အခါမီ တင်ပို့ရောင်းချနိုင်ကြသည်။



ပမ္မဝတီတံတား(မြင်းကဆိပ်) ဖွင့်ပွဲကျင်းပသည့်နေ့က တွေ့ရစဉ်။

ဤသို့လျှင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ခြင်း၏ အကျိုးကျေးဇူးများကြောင့် ကျေးရွာများလည်း ယခင်ကကဲ့သို့ မဟုတ်တော့ဘဲ ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာကြသည်။ လမ်းပန်းဆက်သွယ်ရေးသည် ဤမျှလောက်အထိ အရေးပါအရာရောက်လျက် ရှိနေပါတော့သည်။

သို့ဖြစ်ရာ ရောဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များသည် မြို့တော်ပုသိမ်မြို့သို့ အကြောင်းကိစ္စ အမျိုးမျိုးဖြင့်သော်လည်းကောင်း၊ ရုံးကိစ္စများနှင့်သော်လည်းကောင်း ဆက်သွယ်သွားလာကြရသည်။ ယခင်ကဆိုလျှင် ရောဝတီတိုင်းဒေသကြီး အရှေ့ခြမ်းမြို့နယ်များ ဖြစ်ကြသော မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်နှင့် ဒေးဒရဲ မြို့နယ်များသည် ပုသိမ်မြို့သို့ သွားရောက်လိုပါက ပထမဆက်သွယ်ရေးခရီးလမ်းကြောင်းဖြစ်သော မအူပင်မြို့မှတစ်ဆင့် ပုသိမ်မြို့သို့ သွားရောက်ကြရသည်။ မော်လမြိုင်ကျွန်းမှ ပုသိမ်မြို့သို့ အနည်းဆုံး ခုနစ်နာရီ ခရီးသွားရသည်။ ပုသိမ်မြို့သို့ ရောက်လျှင်လည်း လုပ်ငန်းလုပ်ရန် အလုပ်ချိန် သိပ်မရှိတော့။ ခပ်သွက်သွက်၊ ခပ်မြန်မြန် လှုပ်ရှားသွားလာကြရသည်။

### လမ်းကွန်ရက်ဖြင့် ဒေသဖွံ့ဖြိုး အလှတိုးရန် လမ်း၊ တံတားများ တည်ဆောက်ပေး

ယခုတော့ မော်လမြိုင်ကျွန်းမြို့ အပါအဝင် ရောဝတီတိုင်းဒေသကြီး အရှေ့ခြမ်းရှိမြို့နယ်များ ပုသိမ်မြို့သို့ သွားလာဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် မြစ်ဝကျွန်းပေါ် လမ်းကွန်ရက်ဖြင့် ဒေသဖွံ့ဖြိုး အလှတိုးရန် လမ်း၊ တံတားများ တည်ဆောက်ပေးလိုက်သောအခါ လမ်းပန်းဆက်သွယ်ရေး တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်သွားသည်။ ပုသိမ်မြို့သို့ ရောဝတီတိုင်းဒေသကြီး အရှေ့ခြမ်းမှ မြို့နယ်များဖြစ်သော မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဖျာပုံ၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်များလည်း ဒုတိယ ဆက်သွယ်ရေးလမ်းကြောင်းဖြင့် အချိန်တိုတို နေ့ချင်းပေါက်ခရီးဖြင့် ဆက်သွယ်သွားလာနိုင်ကြပြီ ဖြစ်ပေသည်။

သို့ဖြစ်ရာ ပုသိမ်မြို့သို့ ရှေးရှဦးတည် သွားရောက်ရာတွင် ပထမဆက်သွယ်ရေး လမ်းကြောင်း မအူပင်နှင့် ဒုတိယ ဆက်သွယ်ရေးလမ်းကြောင်း မော်လမြိုင်ကျွန်း ဝါးခယ်မ - မြောင်းမြ - ပုသိမ် ဆက်သွယ်ရေးလမ်းကြောင်းမှာ ခရီးသွားရချိန် ကွာခြားချက်များရှိပါသည်။ မော်လမြိုင်ကျွန်းမြို့မှ ပုသိမ်မြို့သို့ မအူပင်မှတစ်ဆင့်သွားပါက ခုနစ်နာရီခရီးဖြစ်သော်လည်း မော်လမြိုင်ကျွန်းမှ ဒုတိယဆက်သွယ်ရေး လမ်းကြောင်းဖြင့် ပုသိမ်မြို့သို့ သွားပါလျှင် သုံးနာရီခရီးမျှသာ ဖြစ်ပေသည်။

သို့သော် ၂၀၂၂ ခုနှစ်၊ ၂၀၂၃ ခုနှစ် မတ်လဆန်းအထိ မော်လမြိုင်ကျွန်း- ဝါးခယ်မ - မြောင်းမြ - ပုသိမ် ဆက်သွယ်ရေး လမ်းကြောင်းတွင် အဓိက အဆီးအတားတစ်ခုမှာ မော်လမြိုင်ကျွန်း - မြောင်းမြ - ပုသိမ် လမ်းပေါ်ရှိ ကျုံသွတ်မှ မြင်းကဆိပ်သို့ ဆက်သွယ်သော မြစ်ကူးတံတား မရှိခြင်းပင် ဖြစ်သည်။ မော်လမြိုင်ကျွန်း - ပုသိမ် သုံးနာရီဟုဆိုသော်လည်း ကျုံသွတ်မှ မြင်းကဆိပ်သို့ ဇက်ရေယာဉ်ဖြင့် မြစ်ကူးသွားရသဖြင့် ဇက်ကူးချိန်၊ ဇက်စောင့်ချိန်၊ လူစီး မော်တော်ကားနှင့် ကုန်တင်မော်တော်ယာဉ်များ အတင်အချ နှစ်ဖက်အချိန်ပေါင်းလိုက်လျှင် အနည်းဆုံး နှစ်နာရီမျှ အချိန်ကြာညောင်းကြသည်။ ဇက်ကူးပြီးမှ ပုသိမ်မြို့သို့ ဆက်မောင်းလျှင် နာရီဝက်ခရီးမျှဖြင့် ပုသိမ်မြို့သို့ ရောက်ရှိပေသည်။



ပမ္မဝတီတံတား(မြင်းကဆိပ်)တံတား မဖွင့်လှစ်မီက ပြည်သူများ ကျုံသွတ်- မြင်းကဆိပ်သို့ ဇက်ဖြင့် ဖြတ်ကူးကြစဉ်။

ဤလမ်းခရီးတွင် စာရေးသူလည်း ၂၀၂၂ ခုနှစ် မတ်လ ၈ ရက်နေ့က မော်လမြိုင်ကျွန်းမှ ပုသိမ်မြို့သို့ ဒုတိယ ဆက်သွယ်ရေး လမ်းကြောင်းဖြင့် ခရီးသွားရောက်ခဲ့ရာ ဇက်တစ်စင်းတည်းဖြင့် အသွားအပြန် ကူးသန်းပို့ဆောင်ပေးနေရသဖြင့် အချိန် နှစ်နာရီခန့် ကြာခဲ့ပါကြောင်း ကိုယ်တွေ့ကြုံခဲ့ရဖူးပါသည်။

ယခုတော့ ဤသို့မဟုတ်ပြီ။ ကျုံသွတ် - မြင်းကဆိပ်ခရီးကို ဇက်ကူးရန် မလိုတော့ပေ။ ခံ့ညားထည်ဝါလှသော ကျုံသွတ် - မြင်းကဆိပ် မြစ်ကူးတံတားကြီးက ခံ့ညားလှပစွာ ပေါ်ထွက်လာပြီဖြစ်သည်။ ၂၀.၃.၂၀၂၃ ရက်နေ့က ပမ္မဝတီတံတား (မြင်းကဆိပ်) ဖွင့်ပွဲ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပေသည်။

### ပုသိမ်မြို့သို့ အချိန်တိုတိုဖြင့် လိုရာခရီး သွားရောက်နိုင်ကြ

ဤပမ္မဝတီတံတား (မြင်းကဆိပ်) ဖွင့်လှစ်ခဲ့သည်မှာ ယခု ၂၀.၃.၂၀၂၄ ခုနှစ် ဆိုလျှင် တစ်နှစ် ပြည့်မြောက်ပြီဖြစ်သည်။ ယင်းပမ္မဝတီတံတား (မြင်းကဆိပ်) ဖွင့်လှစ်နိုင်ခဲ့သောကြောင့် ရောဝတီတိုင်းဒေသကြီးမှ ပြည်သူများနှင့် အနယ်နယ် အရပ်ရပ်မှ ပြည်သူများ ဇက်ကူးရန် မလိုတော့ဘဲ ပုသိမ်မြို့သို့ အချိန်တိုတိုဖြင့် လိုရာခရီး သွားရောက်နိုင်ကြပြီ ဖြစ်သည်။ ဝမ်းမြောက်ကြည်နူးဖွယ် ဆက်သွယ်ရေး ခရီးလမ်း၏ မင်္ဂလာသတင်းစကားများပင် ဖြစ်ပေသည်။

စာရေးသူသည် ၂၀၂၃ ခုနှစ် မတ်လ ၂၀ ရက်နေ့က ဖွင့်လှစ်သော ရောမြေမှ ပမ္မဝတီတံတား (မြင်းကဆိပ်)၏ ဖွင့်ပွဲ သတင်းဓာတ်ပုံများကို နေ့စဉ်ထုတ် သတင်းစာများနှင့် မြန်မာ့ရုပ်မြင်သံကြားတို့မှ ကြည့်ရှုခွင့်ရလိုက်သောအခါ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါသည်။ ပြည်သူတို့ ဇက်ကူးရန် မလိုတော့ဘဲ ရွှင်လန်းချမ်းမြေ့ပျော်ရွှင်စွာ ဖြတ်သန်းသွားလာနိုင်ကြပြီဖြစ်ပေသည်။ ဤသို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း၏ အကျိုးဆက်ကို ပြည်သူများ ခံစားနိုင်ကြခြင်း ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းလျှင် ကောင်းသလို ဒေသဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်ကြမည် ဖြစ်ပေသည်။

ယခင်က မော်လမြိုင်ကျွန်း - မအူပင်- ပုသိမ် ပထမဆက်သွယ်ရေးလမ်းကြောင်းထက် ဒုတိယဆက်သွယ်ရေးလမ်းကြောင်းက အချိန် လေးနာရီ ပိုမိုသက်သာပြီး ခရီးမိုင်အားဖြင့် ၇၇ မိုင် သက်သာသွားခြင်း ဖြစ်ပေသည်။

ဤသို့ ခရီးလမ်းအချိန်သက်သာသွားရန်အတွက် မြစ်ဝကျွန်းပေါ် လမ်းကွန်ရက်အတွင်း ပါဝင်သော အရေးပါသည့် မြစ်ကူးတံတားများ တည်ဆောက်ပေးခဲ့သဖြင့် သွားလာမှု အဆင်ပြေခဲ့သည်။ ယင်းမြစ်ကူးတံတားများမှာ စော်ကဲမြစ်ကူး တံတား - အရှည်ပေ ၂၄၆၀၊ ကျွန်းပြဿဒ် မြစ်ကူးတံတား- အရှည်ပေ ၂၃၆၀နှင့် ကျွန်းကုန်းမြစ်ကူးတံတား အရှည် ၇၈၇ ပေ၊ ၅ လက်မတို့ ဖြစ်ကြသည်။

အနှစ်ချုပ်တင်ပြရလျှင် မော်လမြိုင်ကျွန်း - မြောင်းမြ - ပုသိမ် လမ်းပေါ်မှ အရေးပါသော ပမ္မဝတီတံတား (မြင်းကဆိပ်) ဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်းသည် ရောဝတီတိုင်းဒေသကြီး၏ အောင်ပွဲ၊ ပြည်သူများ၏ အောင်ပွဲနှင့်လမ်းပန်းဆက်သွယ်ရေးတိုးတက်မှု အောင်ပွဲများပင် ဖြစ်ပေသည်။

သို့ဖြစ်ပေရာ ပမ္မဝတီတံတား (မြင်းကဆိပ်) ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ရောဝတီတိုင်းဒေသကြီး အရှေ့ခြမ်းမှ ပြည်သူများနှင့် ရောဝတီတိုင်းဒေသကြီး အနောက်ခြမ်းမှ ပြည်သူများ "ပေါင်းကူးယှက်နွယ်ချစ်ကြိုးသွယ်"ပေးလိုက်သော ရောမြေမှ ပမ္မဝတီတံတား (မြင်းကဆိပ်) ပင်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသား တင်ပြလိုက်ရပေသည်။ ။

**❑ ယခင်က မြစ်ချောင်းများပေါ်များသဖြင့် လမ်းပန်းဆက်သွယ်ရေး မလွယ်ကူသော ရောဝတီတိုင်းဒေသကြီးပင်လျှင် ယခုအခါ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်သွားပြီဖြစ်သည်။ ရောဝတီတိုင်းဒေသကြီးအတွင်း ကုန်းလမ်းခရီး မပေါက်သော မြို့နယ်ဟူ၍ မရှိ။ မြို့နယ်တိုင်း၊ မြို့နယ်တိုင်းတွင် တစ်မြို့နယ်မှ တစ်မြို့နယ်သို့ အချိန်မရွေး၊ အခါမရွေး ဆက်သွယ်သွားလာနိုင်ကြသည်။ ကျေးရွာချင်းဆက် မြို့သို့တက် ဆိုသည့်အတိုင်း လမ်းမကြီးများနှင့် ချိတ်ဆက်၍ မြို့သို့ အချိန်မရွေး ကုန်းလမ်းခရီးဖြင့် လာရောက်နိုင်ကြ**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) ဆဋ္ဌမနေ့တွင် ဇီဝဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၄၅၁၂၅ ဦးနှင့် ဘောဂဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၈၃၅၁၀ ဦးရှိ

**နေပြည်တော် မတ် ၁၆**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာန အပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဇီဝဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၄၅၁၂၅ ဦးနှင့် ဘောဂဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၈၃၅၁၀ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် ဇီဝဗေဒဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန ခြောက်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၇၆၂ ခု စာစစ်ဌာန စုစုပေါင်း ၇၆၈ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၄၈၄၈၂ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၄၅၁၂၅ ဦး၊ ပျက်ကွက် ၃၃၅၇ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၀၈ ရာခိုင်နှုန်း၊ ဘောဂဗေဒဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန ခြောက်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၂၈ ခု စာစစ်ဌာန စုစုပေါင်း ၈၃၄ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၉၈၀၄၁ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၈၃၅၁၀၊ ပျက်ကွက် ၁၄၅၃၁ ဦး ရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၈၅ ဒသမ ၁၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## အခြေခံပညာဦးစီးဌာန ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- ဇီဝဗေဒ

ရက်စွဲ၊ ၁၆-၃-၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၅ | ၁၁ | ၂၂ | ၄၅၃ | ၉၃၂ | ၁၃၈၅ | ၄၄၅ | ၉၁၇ | ၁၃၆၂ | ၈ | ၁၅ | ၂၃ | ၉၈.၃၄% | ၁.၆၆% | |
| ၂ | ကယား | စာစစ်ဌာနမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ၆ | ၇ | ၁၀ | ၂၀၄ | ၄၅၃ | ၆၅၇ | ၁၉၀ | ၄၁၉ | ၆၀၉ | ၁၄ | ၃၄ | ၄၈ | ၉၂.၆၉% | ၇.၃၁% | |
| ၄ | ချင်း | ၅ | ၆ | ၉ | ၁၀၂ | ၁၇၄ | ၂၇၆ | ၄၂ | ၉၁ | ၁၃၃ | ၆၀ | ၈၃ | ၁၄၃ | ၄၈.၁၉% | ၅၁.၈၁% | |
| ၅ | စစ်ကိုင်း | ၁၄ | ၂၅ | ၃၅ | ၇၂၈ | ၁၃၂၃ | ၂၀၅၁ | ၆၈၃ | ၁၂၃၅ | ၁၉၁၈ | ၄၅ | ၈၈ | ၁၃၃ | ၉၃.၅၂% | ၆.၄၈% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၄ | ၁၂၉ | ၂၈၈ | ၄၁၇ | ၁၂၅ | ၂၇၉ | ၄၀၄ | ၄ | ၉ | ၁၃ | ၉၆.၈၈% | ၃.၁၂% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၄ | ၁၀၅၄ | ၁၈၂၀ | ၂၈၇၄ | ၁၀၁၄ | ၁၇၆၉ | ၂၇၈၃ | ၄၀ | ၅၁ | ၉၁ | ၉၆.၈၃% | ၃.၁၇% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၂ | ၅၀၃ | ၉၆၂ | ၁၄၆၅ | ၄၉၀ | ၉၄၀ | ၁၄၃၀ | ၁၃ | ၂၂ | ၃၅ | ၉၇.၆၁% | ၂.၃၉% | |
| ၉ | မကွေး | ၇ | ၂၃ | ၄၄ | ၁၄၃၇ | ၂၃၉၉ | ၃၈၃၆ | ၁၃၉၇ | ၂၃၆၂ | ၃၇၅၉ | ၄၀ | ၃၇ | ၇၇ | ၉၇.၉၉% | ၂.၀၁% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၇၄ | ၃၇၆၃ | ၆၀၄၇ | ၉၈၁၀ | ၃၆၁၉ | ၅၈၆၀ | ၉၄၇၉ | ၁၄၄ | ၁၈၇ | ၃၃၁ | ၉၆.၆၃% | ၃.၃၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၀ | ၆၇၃ | ၁၃၃၈ | ၂၀၁၁ | ၆၅၆ | ၁၃၁၄ | ၁၉၇၀ | ၁၇ | ၂၄ | ၄၁ | ၉၇.၉၆% | ၂.၀၄% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၀ | ၁၉၈၂ | ၁၈၇၁ | ၃၈၅၃ | ၁၂၈၆ | ၁၁၀၀ | ၂၃၈၆ | ၆၉၆ | ၇၇၁ | ၁၄၆၇ | ၆၁.၉၃% | ၃၈.၀၇% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၇၂ | ၃၅၃၇ | ၄၉၀၃ | ၈၄၄၀ | ၃၄၀၆ | ၄၇၂၀ | ၈၁၂၆ | ၁၃၁ | ၁၈၃ | ၃၁၄ | ၉၆.၂၈% | ၃.၇၂% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၆၂ | ၁၀၀၈ | ၂၂၅၈ | ၃၂၆၆ | ၉၇၄ | ၂၁၆၀ | ၃၁၃၄ | ၃၄ | ၉၈ | ၁၃၂ | ၉၅.၉၆% | ၄.၀၄% | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၄ | ၁၇ | ၄၈၅ | ၈၃၇ | ၁၃၂၂ | ၃၄၉ | ၆၁၄ | ၉၆၃ | ၁၃၆ | ၂၂၃ | ၃၅၉ | ၇၂.၈၄% | ၂၇.၁၆% | |
| ၁၆ | ရှမ်း(ရှေ့) | ၄ | ၇ | ၉ | ၁၂၈ | ၂၇၀ | ၃၉၈ | ၁၂၁ | ၂၆၃ | ၃၈၄ | ၇ | ၇ | ၁၄ | ၉၆.၄၈% | ၃.၅၂% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၁၉၂ | ၁၁၉၈ | ၂၃၈၃ | ၃၅၈၁ | ၁၁၆၆ | ၂၃၃၈ | ၃၅၀၄ | ၃၂ | ၄၅ | ၇၇ | ၉၇.၈၅% | ၂.၁၅% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၆ | ၁၁၂၉ | ၁၇၀၅ | ၂၈၃၄ | ၁၀၉၈ | ၁၆၇၇ | ၂၇၇၅ | ၃၁ | ၂၈ | ၅၉ | ၉၇.၉၂% | ၂.၀၈% | |
| ၁၉ | နိုင်ငံခြား | | | ၆ | ၄ | ၂ | ၆ | ၄ | ၂ | ၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၁၃ | ၂၈၆ | ၇၆၈ | ၁၈၅၁၇ | ၂၉၉၆၅ | ၄၈၄၈၂ | ၁၇၀၆၅ | ၂၈၀၆၀ | ၄၅၁၂၅ | ၁၄၅၂ | ၁၉၀၅ | ၃၃၅၇ | ၉၃.၀၈% | ၆.၉၂% | |

မှတ်ချက် - စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

## အခြေခံပညာဦးစီးဌာန ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- ဘောဂဗေဒ

ရက်စွဲ၊ ၁၆-၃-၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၄ | ၂၆ | ၁၈၉၆ | ၂၇၂၆ | ၄၆၂၂ | ၁၇၇၁ | ၂၆၁၂ | ၄၃၈၃ | ၁၂၅ | ၁၁၄ | ၂၃၉ | ၉၄.၈၃% | ၅.၁၇% | |
| ၂ | ကယား | စာစစ်ဌာနမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ၆ | ၇ | ၁၁ | ၆၈၈ | ၁၀၅၁ | ၁၇၃၉ | ၅၉၇ | ၉၇၄ | ၁၅၇၁ | ၉၁ | ၇၇ | ၁၆၈ | ၉၀.၃၄% | ၉.၆၆% | |
| ၄ | ချင်း | ၆ | ၇ | ၁၀ | ၆၂၈ | ၈၁၉ | ၁၄၄၇ | ၁၀၉ | ၁၅၉ | ၂၆၈ | ၅၁၉ | ၆၆၀ | ၁၁၇၉ | ၁၈.၅၂% | ၈၁.၄၈% | |
| ၅ | စစ်ကိုင်း | ၁၄ | ၂၄ | ၃၆ | ၁၆၆၁ | ၂၃၉၇ | ၄၀၅၈ | ၁၅၁၈ | ၂၂၁၃ | ၃၇၃၁ | ၁၄၃ | ၁၈၄ | ၃၂၇ | ၉၁.၉၄% | ၈.၀၆% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၇ | ၈၆၅ | ၁၃၅၃ | ၂၂၁၈ | ၇၉၇ | ၁၂၉၂ | ၂၀၈၉ | ၆၈ | ၆၁ | ၁၂၉ | ၉၄.၁၈% | ၅.၈၂% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၄ | ၂၀၂၉ | ၂၅၈၆ | ၄၆၁၅ | ၁၉၀၂ | ၂၄၄၀ | ၄၃၄၂ | ၁၂၇ | ၁၄၆ | ၂၇၃ | ၉၄.၀၈% | ၅.၉၂% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၂၀၄၄ | ၂၄၈၁ | ၄၅၂၅ | ၁၉၃၄ | ၂၄၀၃ | ၄၃၃၇ | ၁၁၀ | ၇၈ | ၁၈၈ | ၉၅.၈၅% | ၄.၁၅% | |
| ၉ | မကွေး | ၇ | ၂၃ | ၄၃ | ၂၆၁၆ | ၃၃၆၉ | ၅၉၈၅ | ၂၄၅၅ | ၃၂၅၆ | ၅၇၁၁ | ၁၆၁ | ၁၁၃ | ၂၇၄ | ၉၅.၄၂% | ၄.၅၈% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၇၄ | ၄၆၃၄ | ၅၇၇၂ | ၁၀၄၀၆ | ၄၃၈၅ | ၅၅၃၁ | ၉၉၁၆ | ၂၄၉ | ၂၄၁ | ၄၉၀ | ၉၅.၂၉% | ၄.၇၁% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၀ | ၁၆၀၁ | ၂၄၀၃ | ၄၀၀၄ | ၁၄၉၂ | ၂၃၀၃ | ၃၇၉၅ | ၁၀၉ | ၁၀၀ | ၂၀၉ | ၉၄.၇၈% | ၅.၂၂% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၉ | ၆၄၁၈ | ၈၃၃၁ | ၁၄၇၄၉ | ၂၆၄၀ | ၃၄၈၉ | ၆၁၂၉ | ၃၇၇၈ | ၄၈၄၂ | ၈၆၂၀ | ၄၁.၅၆% | ၅၈.၄၄% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၇၃ | ၅၀၇၂ | ၅၄၄၀ | ၁၀၅၁၂ | ၄၇၂၈ | ၅၁၇၁ | ၉၈၉၉ | ၃၄၄ | ၂၆၉ | ၆၁၃ | ၉၄.၁၇% | ၅.၈၃% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၆၄ | ၂၀၉၈ | ၂၇၁၀ | ၄၈၀၈ | ၁၉၇၅ | ၂၅၈၉ | ၄၅၆၄ | ၁၂၃ | ၁၂၁ | ၂၄၄ | ၉၄.၉၃% | ၅.၀၇% | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၄ | ၁၇ | ၆၃၉ | ၈၉၂ | ၁၅၃၁ | ၄၂၇ | ၅၈၉ | ၁၀၁၆ | ၂၁၂ | ၃၀၃ | ၅၁၅ | ၆၆.၃၆% | ၃၃.၆၄% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၃၂၂ | ၃၈၄ | ၇၀၆ | ၂၉၉ | ၃၆၉ | ၆၆၈ | ၂၃ | ၁၅ | ၃၈ | ၉၄.၆၂% | ၅.၃၈% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၃၀ | ၇၀၇၃ | ၉၁၉၃ | ၁၆၂၆၆ | ၆၅၉၆ | ၈၈၄၂ | ၁၅၄၃၈ | ၄၇၇ | ၃၅၁ | ၈၂၈ | ၉၄.၉၁% | ၅.၀၉% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၂၆၂၀ | ၃၂၂၀ | ၅၈၄၂ | ၂၅၁၃ | ၃၁၃၃ | ၅၆၄၆ | ၁၀၈ | ၈၈ | ၁၉၆ | ၉၆.၆၄% | ၃.၃၆% | |
| ၁၉ | နိုင်ငံခြား | | | ၆ | ၂ | ၆ | ၈ | ၂ | ၅ | ၇ | ၀ | ၁ | ၁ | ၈၇.၅၀% | ၁၂.၅၀% | |
| | စုစုပေါင်း | ၁၁၈ | ၂၉၂ | ၈၃၄ | ၄၂၉၀၇ | ၅၅၁၃၄ | ၉၈၀၄၁ | ၃၆၁၄၀ | ၄၇၃၇၀ | ၈၃၅၁၀ | ၆၇၆၇ | ၇၇၆၄ | ၁၄၅၃၁ | ၈၅.၁၈% | ၁၄.၈၂% | |

မှတ်ချက် - စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ် ဖြေဆိုမှု မြင်ကွင်းပုံရိပ်များ



လပွတ္တာမြို့နယ်ရှိ စာစစ်ဌာန ခုနစ်ခုတွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၆၃၂ ဦး အေးချမ်းစွာ လာရောက်ဖြေဆိုကြစဉ်။ မူမူ (ပြန်/ဆက်)



ဒေးဒရဲမြို့နယ်ရှိ စာစစ်ဌာန လေးခု၌ ဇီဝဗေဒဘာသာရပ်တွင် ၃၆၁ ဦးနှင့် ဘောဂဗေဒဘာသာရပ်တွင် ၈၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၄၂ ဦး စာမေးပွဲလာရောက်ဖြေဆိုကြစဉ်။ အေဇာလင်း



ကန့်ဘလူမြို့နယ်ရှိစာစစ်ဌာနနှစ်ခုတွင် ကျောင်းသား ၂၃၂ ဦး ကျောင်းသူ ၂၉၃ ဦးတို့ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ်ကို လာရောက်ဖြေဆိုကြစဉ်။ အောင်ဝင်းငြိမ်း(ကန့်ဘလူ)



သံဖြူဇရပ်မြို့နယ်ရှိ စာစစ်ဌာန နှစ်ခု၌ ကျောင်းသား ၂၂၈ ဦးနှင့် ကျောင်းသူ ၃၉၇ ဦး စုစုပေါင်း ၆၂၅ ဦးတို့ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ်များကို လာရောက်ဖြေဆိုကြစဉ်။ မြို့နယ်(ပြန်/ဆက်)



ပင်လောင်းမြို့နယ်ရှိ စာစစ်ဌာန ခုနစ်ခု၌ တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်တွင် ၆၇၀ နှင့် ဇီဝဗေဒဘာသာရပ် ဖြေဆိုသူ ၃၂၆ ဦးတို့ ဆဋ္ဌမမြောက်နေ့အဖြစ် လာရောက်ဖြေဆိုကြစဉ်။ (ပင်လောင်းမြို့နယ်တွင် လူမှုရေးသိပ္ပံဘာသာရပ်နှင့် စိတ်ကြိုက်မြန်မာစာဘာသာရပ်များ ဖြေဆိုသူမရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးထံမှ သိရသည်။) မြို့နယ်(ပြန်/ဆက်)



ဘုတ်ပြင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့အဖြစ် ဇီဝဗေဒဘာသာတွင် ၁၁ ဦးနှင့် ဘောဂဗေဒဘာသာတွင် ၁၄၃ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၅၄ ဦး လာရောက်ဖြေဆိုကြစဉ်။ မြို့နယ်(ပြန်/ဆက်)

ညောင်လေးပင် မြို့နယ်တွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်များတွင် ကျောင်းသား ကျောင်းသူ ၆၄၂ ဦး လာရောက်ဖြေဆိုကြစဉ်။ နေလင်း (ညောင်လေးပင်)



ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၈၈ ဦးတို့ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ်များကို လာရောက်ဖြေဆိုကြစဉ်။ အေးမဥ္ဇူ





မြန်အောင်မြို့နယ်ရှိစာစစ်ဌာနရှစ်ခု၌ ဇီဝဗေဒဘာသာရပ်နှင့်ဘောဂဗေဒဘာသာရပ်တို့အား ဖြေဆိုသူ ၄၄၂ ဦး ဆဋ္ဌမမြောက်နေ့တွင် လာရောက်ဖြေဆိုစဉ်။ ဝင်းဗိုလ်(မြန်အောင်)



နတ်မောက်မြို့ အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်း) စာစစ်ဌာန၌ ဇီဝဗေဒဘာသာရပ်တွင် ၄၉ ဦးနှင့် ဘောဂဗေဒဘာသာရပ်တွင် ၉၈ ဦး လာရောက်ဖြေဆိုကြစဉ်။ လှဝင်း(နတ်မောက်)



တောင်တွင်းကြီးမြို့နယ်၌ ဇီဝဗေဒဘာသာရပ်တွင် ၃၆၀ နှင့် ဘောဂဗေဒဘာသာရပ်တွင် ၄၃၂ ဦးတို့ လာရောက်ဖြေဆိုကြစဉ်။ ရန်နောင်စိုး(ပြန်/ဆက်)

## အမေရိကန် အိုဟိုင်းယိုးပြည်နယ်၌ ပြင်းထန်သည့်မုန်တိုင်းကြောင့် သုံးဦးထက်မနည်းသေဆုံး

**ချီကာဂို မတ် ၁၆**

အမေရိကန် အိုဟိုင်းယိုးပြည်နယ်၌ မတ် ၁၄ ရက် ညပိုင်းက လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ သုံးဦးထက်မနည်း သေဆုံးခဲ့သည်ဟု ဆင်ဟွာက ဖော်ပြသည်။

ပြည်နယ်အနှံ့ လေဆင်နှာမောင်းသတိပေးချက်အကြိမ် ၂၀ ခန့် ပြုလုပ်ခဲ့ပြီးနောက် လူပေါင်းထောင်နှင့်ချီ၍ လျှပ်စစ်မီးပြတ်တောက်မှု ခံစားခဲ့ရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက် လုပ်ဆောင်နေဆဲဖြစ်သည့်အတွက် သေဆုံးသူဦးရေမှာ ဆက်လက် တိုးလာနိုင်ကြောင်း၊ အပျက်အစီးများနှင့် လျှပ်စစ်မီး ပြတ်တောက်မှုတို့ကြောင့် ကယ်ဆယ်ရေးသမားများမှာ ညလုံးပေါက် ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်နိုင်ခဲ့ခြင်း မရှိကြောင်း ရဲအရာရှိတစ်ဦးဖြစ်သူ ရန်ဒီဒေါ့က ပြောသည်။

အိုဟိုင်းယိုးပြည်နယ် အုပ်ချုပ်ရေးမှူး ဒီဝိုင်းသည်လည်း လေဆင်နှာမောင်း တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် နေရာများကို လိုက်လံကြည့်ရှုမည်ဟု ပြည်တွင်းမီဒီယာများတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**



လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့်နေအိမ်ကို တွေ့ရစဉ်။

## လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု ကမ္ဘောဒီးယားနှင့် လာအို လက်မှတ်ရေးထိုး

**ဖနောင်ပင် မတ် ၁၆**

ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့သည် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုအမျိုးမျိုးကို တိုက်ဖျက်ရန် ၂၀၂၄ ခုနှစ်အတွက် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ကမ္ဘောဒီးယားဘက်မှ မတ် ၁၅ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ကမ္ဘောဒီးယားပြည်ထဲရေးဝန်ကြီးဌာနနှင့် လာအိုပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့ကြား အဆိုပါလုံခြုံရေးပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ကမ္ဘောဒီးယားနိုင်ငံပြည်ထဲရေးဝန်ကြီးဌာန၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့သည် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများကို နှိမ်နင်းတားဆီးရန် အထူးသဖြင့် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် လူကုန်ကူးမှုများကို တိုက်ဖျက်ရန် သတင်းအချက်အလက်များကို ဆက်လက်ဖလှယ်သွားရေး သဘောတူခဲ့ကြသည်။

ငြိမ်းချမ်းမှုရှိသော နယ်နိမိတ်က နယ်စပ်တစ်လျှောက် ပြည်သူများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်သလို နှစ်နိုင်ငံကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းကိုလည်း မြှင့်တင်ပေးရာ ရောက်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

## ဂါဇာအလယ်ပိုင်းတွင် အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ၃၆ ဦးထက်မနည်းသေဆုံး

**ဂါဇာ မတ် ၁၆**

ဂါဇာအလယ်ပိုင်း နူဆီယက် ဒုက္ခသည်စခန်းရှိ နေအိမ်တစ်လုံးကို အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ပါလက်စတိုင်း ၃၆ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ဆေးဘက်ဆိုင်ရာ သတင်းအရင်းအမြစ်များ နှင့် မျက်မြင်သက်သေများက မတ် ၁၆ ရက်တွင် ပြောသည်။

အစ္စရေးတိုက်လေယာဉ်သည် နူဆီယက် ဒုက္ခသည်စခန်းရှိ တာဘတ်တီဘီ မိသားစုနေအိမ်ကို ပစ်မှတ်ထားကာ ဒုံးကျည်ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဘေးပတ်ဝန်းကျင်ရှိ နေအိမ်များကိုပါ ပျက်စီးသွားစေခဲ့သည်။ အစ္စရေးတို့၏ စီးနင်းတိုက်ခိုက်မှုကြောင့် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်များအပါအဝင် ၃၆ ဦး ထက်မနည်း သေဆုံးခဲ့ရသည်ဟု ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ဆင်ဟွာသို့ ပြောသည်။



ထိုစဉ် အကာအကွယ်မဲ့ အရပ်သားများ သေကျေပျက်စီးရခြင်းမှာ အမေရိကန်အုပ်ချုပ်ရေးအဖွဲ့၊ အစ္စရေးနှင့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းတို့တွင် တာဝန်ရှိသည်ဟု ဟားမားစ်တို့ ထိန်းချုပ်ထားသော မီဒီယာရုံးက သတင်းထုတ်ပြန်သည်။

စစ်ပွဲများရပ်တန့်ရေးအတွက် အစ္စရေးကို ဖိအားပေးရန် ကမ္ဘာ့လွတ်လပ်သော နိုင်ငံများက ကြေညာချက် ထုတ်ပြန်ပေးစေလိုကြောင်း အဆိုပါရုံးက တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**

## အမေရိကန်၌ တုပ်ကွေးကြောင့် သေဆုံးသူ ၂၀၀၀၀ ခန့်ရှိ

**လော့စ်အိန်ဂျလိစ် မတ် ၁၆**

အမေရိကန်၌ ယခုနှစ်ရာသီအတွင်း တုပ်ကွေးရောဂါဖြစ်ပွားသူ ၂၉ သန်းထက်မနည်းရှိပြီး ဆေးရုံတက်ရသူမှာ ၃၂၀၀၀၀ ရှိသည်။ တုပ်ကွေးကြောင့် သေဆုံးသူမှာ ၂၀၀၀၀ ခန့်ရှိသည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ(စီဒီစီ)၏ မတ် ၁၅ ရက် ထုတ်ပြန်ချက်များအရ သိရသည်။

နိုင်ငံတစ်ဝန်း ရာသီတုပ်ကွေးဖြစ်ပွားမှုမှာ ဆက်လက်ရှိနေဆဲဖြစ်ပြီး တိုင်းပြည်အတွင်း အချို့နေရာများတွင် ရောဂါဖြစ်ပွားမှု များပြားလျက်ရှိသည်။ မတ်လပထမပတ်အတွင်း တုပ်ကွေးရောဂါကြောင့် ကလေး ၁၃ ဦး သေဆုံးခဲ့ပြီး ယခုရာသီအတွင်း တုပ်ကွေးကြောင့် သေဆုံးသူကလေးစုစုပေါင်းမှာ ၁၁၆ ဦးအထိရှိလာသည်ဟု စီဒီစီ၏ထုတ်ပြန်ချက်အရ သိရသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း တုပ်ကွေးကြောင့် လူနာ ၈၈၀၀ ကျော်မှာ ဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံယူခဲ့ရသည်ဟု စီဒီစီ၏ အချက်အလက်များအရ သိရသည်။ တုပ်ကွေးဗိုင်းရပ်စ်ပိုးများ ပြန့်ပွားနေသည့်အတွက် အသက် ခြောက်လနှင့်အထက် လူတိုင်းနှစ်စဉ်တုပ်ကွေးကာကွယ်ဆေးထိုးကြရန်လည်း စီဒီစီက အကြံပြုထားသည်။ **ဆင်ဟွာ**

## ပထမဆုံးထောက်ပံ့ကူညီရေးသင်္ဘော ဆိုက်ပရပ်စ်ရေကြောင်းမှတစ်ဆင့် ဂါဇာသို့ ရောက်ရှိ

**ဂါဇာ မတ် ၁၆**

ဆိုက်ပရက်စ်-ဂါဇာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီရေးသင်္ဘောသည် ရေလမ်းကြောင်းမှ မတ် ၁၅ ရက်တွင် ပါလက်စတိုင်းဒေသ ကမ်းရိုးတန်းသို့ ဆိုက်ကပ်လာပြီဖြစ်ကြောင်းနှင့် စတင်ကုန်ချနေပြီဖြစ်ကြောင်း ပါလက်စတိုင်း သတင်းရင်းမြစ်များက ပြောသည်။

သင်္ဘောပေါ်တွင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီရေးပစ္စည်း တန် ၂၀၀ ကို စားနပ်ရိက္ခာပြတ်တောက်မှုနှင့် ကြုံတွေ့နေရသော ဒေသခံ ပြည်သူများထံသို့ လွယ်ကူစွာ ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေသည့် အလုပ်သမားများ လက်ခံရရှိကြောင်း သတင်းရင်းမြစ်များက ဆင်ဟွာသို့ ပြောသည်။

စပိန်အကူအညီပေးရေး အဖွဲ့အစည်း Open Arms မှ စီစဉ်သော အဆိုပါသင်္ဘောသည် အင်္ဂါနေ့တွင် ဆိုက်ပရပ်စ်မှ ထွက်ခွာလာခြင်းဖြစ်သည်။

**ဆင်ဟွာ**

## အိုင်ပီအီးအက်ဖ်က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အတွက် ကန်ဒေါ်လာ ဘီလီယံ ၁၂၀ ရင်းနှီးမြှုပ်နှံမည်

**ဝါရှင်တန် မတ် ၁၆**

အင်ဒို-ပစိဖိတ်စီးပွားရေးမူဘောင် (အိုင်ပီအီးအက်ဖ်) တွင် ပါဝင်သောနိုင်ငံများမှ ဝန်ကြီးများသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ဓာတ်အားသိုလှောင်မှုကိုမြှင့်တင်ရန် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၂၀ ရင်းနှီးမြှုပ်နှံရေး သဘောတူခဲ့ကြကြောင်း သိရသည်။

ဂျပန်၊ အိန္ဒိယနှင့် ဩစတြေးလျနိုင်ငံတို့အပါအဝင် အမေရိကန်ဦးဆောင်သော အိုင်ပီအီးအက်ဖ်အဖွဲ့ဝင် ၁၄ နိုင်ငံမှ ဝန်ကြီးများ အစည်းအဝေးကိုကြာသပတေး နေ့က အွန်လိုင်းမှတစ်ဆင့် ကျင်းပခဲ့ကြောင်း၊ အိုင်ပီအီးအက်ဖ်အဖွဲ့ဝင်တို့သည် သန့်ရှင်းသော စီးပွားရေးနှင့် မျှတသောစီးပွားရေး စသည့်နယ်ပယ် နှစ်ခုအတွက် အစောပိုင်းတွင် သဘောတူညီမှုရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အစည်းအဝေး တက်ရောက်လာကြသူများက သန့်ရှင်းသော စီးပွားရေးနှင့်ပတ်သက်ပြီး မူကြမ်းတစ်ရပ် ရေးဆွဲရေးရည်ရွယ်ချက်ဖြင့် ကြာသပတေးနေ့တွင် ဆွေးနွေးခဲ့ကြသည်။ ကာဗွန်ထုတ်လွှတ်မှုနှင့် စုပ်ယူမှုမျှခြေအတွက် ထွန်းသစ်စနိုင်ငံများကို ပံ့ပိုးကူညီပေးနိုင်ရန် ပြီးခဲ့သည့် နိုဝင်ဘာလတွင် တည်ထောင်ခဲ့သော ရန်ပုံငွေအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၃ သန်း ထောက်ပံ့ပေးရေး ဂျပန်၊ အမေရိကန်၊ ဩစတြေးလျနှင့် တောင်ကိုရီးယား နိုင်ငံတို့က အတည်ပြုခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## တောင်ဆူဒန်သမ္မတက ဘဏ္ဍာရေးဝန်ကြီးအား အစားထိုးခန့်အပ်

**ဂျူဘာ မတ် ၁၆**

တောင်ဆူဒန်သမ္မတ ဆယ်ဗာကီရာသည် မတ် ၁၅ ရက်က ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီး ဘက်ဘာနာဘာကို ရာထူးမှထုတ်ပယ်ပြီး ၎င်းနေရာအား အင်ဂျင်နီယာတစ်ဦးဖြစ်သူ ဒန်နီယယ်ချိုကို အစားထိုး ခန့်အပ်ခဲ့ကြောင်း သိရသည်။

တောင်ဆူဒန်နိုင်ငံ မြို့တော်ဂျူဘား၌ သမ္မတအမိန့်ထုတ်ပြန်ခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီး ထုတ်ပယ်ခြင်းအတွက်သမ္မတက မည်သည့်အကြောင်းပြချက်မျှ မပေးချေ။

ဘဏ္ဍာရေးဝန်ကြီးအသစ်မှာ ယခင်က ရေနံဝန်ကြီးဟောင်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

နိုင်ငံ၏ ပြည်တွင်းသုံးငွေကြေး တောင်ဆူဒန်ပေါင် (အက်စ်အက်စ်ပီ)၏ ခေါင်ခိုက်အောင် ငွေကြေးဖောင်းပွခြင်းနှင့် တန်ဖိုးလျော့ကျခြင်း ဖြစ်ပွားနေချိန်တွင် အဆိုပါဝန်ကြီးပြောင်းလဲမှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

တောင်ဆူဒန်နိုင်ငံသည် စီးပွားရေးတည်ငြိမ်စေရန် လက်ရှိတွင် တစ်ရက်လျှင် ရေနံစည် ၁၅၀၀၀၀ မှ ၁၇၅၀၀၀ အထိ နေ့စဉ်ရေနံထုတ်လုပ်မှု တိုးမြှင့်လာစေရန် ရုန်းကန်နေရကြောင်း သိရသည်။

**ဆင်ဟွာ**

## ပါလက်စတိုင်း သေဆုံးသူပေါင်း ၃၁၅၅၃ ဦးအထိ ရှိလာ

**ဂါဇာ မတ် ၁၆**

အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်တွင် ပါလက်စတိုင်း သေဆုံးသူ စုစုပေါင်း ၃၁၅၅၃ ဦးအထိ မြင့်တက်လာကြောင်း မတ် ၁၆ ရက်တွင် ဂါဇာကျန်းမာရေး အာဏာပိုင်များက ပြောသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၆၃ ဦး သေဆုံးပြီး အခြား ၁၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် သေဆုံးသူပေါင်း ၃၁၅၅၃ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၇၃၅၄၆ ဦးအထိ မြင့်တက်လာခြင်း ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ရန်ကုန်တိုင်းဒေသကြီးရှိ စာစစ်ဌာန ၇၃ ခုတွင် ဘောဂဗေဒဘာသာရပ်နှင့် ဇီဝဗေဒဘာသာရပ်တို့အား ကျောင်းသား ကျောင်းသူ ၁၈၀၂၅ ဦး စိတ်အေးချမ်းပျော်ရွှင်စွာ ဖြေဆို

ရန်ကုန် မတ် ၁၆

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၇၃ ခုတွင် ဘောဂဗေဒဘာသာရပ်နှင့် ဇီဝဗေဒဘာသာရပ်တို့အား ယနေ့နံနက် ၉ နာရီတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာဖြင့် ဖြေဆိုခဲ့ကြသည်။**



ယနေ့ ဘာသာရပ်နှစ်မျိုးဖြေဆိုသောနေ့တွင် ဘောဂဗေဒဘာသာရပ်အား ကျောင်းသား ကျောင်းသူ ၉၈၉၉ ဦး ဖြေဆိုခဲ့ပြီး ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ကျောင်းသူ တစ်ဦးနှင့် အင်းစိန် အကျဉ်းဦးစီးရှိ အမှတ် (၁၃) အလယ်တန်းကျောင်း စာစစ်ဌာန၌ အကျဉ်းသား ခုနစ်ဦးတို့က ဘောဂဗေဒ ဘာသာရပ်ကို ဖြေဆိုခဲ့ကြသည်။ ရူပဗေဒဘာသာရပ် တွင် ကျောင်းသား ကျောင်းသူ ၈၁၂၆ ဦးဖြေဆိုခဲ့ကြ ပြီး ကမာရွတ်မြို့နယ်နှင့် တာမွေမြို့နယ်တို့မှ ကျောင်းသူ နှစ်ဦးသည် ဆေးရုံများမှ ဖြေဆိုခဲ့ကြ သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၇၃ ခုတွင် ဘောဂဗေဒဘာသာရပ်နှင့် ဇီဝဗေဒဘာသာရပ် တို့အား ဖြေဆိုခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၁၈၀၂၅ ဦးတို့သည် ယနေ့တွင်လည်း ဘာသာရပ်များ ကို စိတ်အေးချမ်းပျော်ရွှင်စွာဖြင့် ဖြေဆိုခဲ့ကြသည်။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသည် Grade -12 သင်ရိုးသစ်၊ စနစ်သစ်ဖြင့် ဖြေဆိုရခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများသက်ဆိုင်ရာဘာသာရပ် များနှင့် မေးခွန်းပုံစံများကို သိရှိနားလည်စေရန် ဆရာ ဆရာမများအား သင်တန်းများပို့ချပေးခဲ့သည့်နည်း တူ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဌာန တို့မှ ထုတ်ဝေသည့် Grade-12 သင်ရိုးသစ်နှင့် ပတ်သက်သည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံများ ကိုလည်း ကျောင်းများ၌ လေ့ကျင့်သင်ကြားပေးခဲ့ရာ နွေရာသီကျောင်းပိတ်ရက်တွင်လည်း သင်ရိုးသစ် ဘာသာရပ်များနှင့် စပ်လျဉ်း၍ ဆရာ ဆရာမများအား မွမ်းမံသင်တန်းများ လေ့ကျင့်သင်ကြားပေးသွား မည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ( သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆို

**ဟိုပုံး မတ် ၁၆**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို နိုင်ငံ တစ်ဝန်းလုံး၌ ဖြေဆိုလျက် ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ ဟိုပုံးမြို့နယ်ရှိအ.ထ.က(၁) စာစစ်ဌာနနှင့် အ.ထ.က(၂) စာစစ်ဌာနတွင် ယနေ့ နံနက် ၉ နာရီမှစ၍ ဇီဝဗေဒဘာသာရပ် နှင့် ဘောဂဗေဒဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုလျက်ရှိ ကြောင်း သိရသည်။

ဟိုပုံးမြို့နယ်တွင် စာစစ်ဌာန တစ်ခုတည်းရှိပြီး အ.ထ.က(၁) စာစစ်ဌာနတွင် (ဇီဝဗေဒဘာသာ ရပ်) စာရင်းရှိ ကျောင်းသား ၅၀၊ ကျောင်းသူ ၁၄၃ ဦး စုစုပေါင်း ၁၉၃ ဦး၊ ဖြေဆို ကျောင်းသား ၄၉ ဦး၊ ကျောင်းသူ ၁၄၃ဦး စုစုပေါင်း ၁၉၂ ဦး ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၄၈ ရာခိုင်နှုန်း ဝင်ရောက် ဖြေဆိုပြီး ဘောဂဗေဒဘာသာရပ် စာရင်းရှိ ကျောင်းသား ၁၂၄ ဦး၊ ကျောင်းသူ ၁၈၅ ဦး စုစုပေါင်း ၃၀၉ ဦး၊ ဖြေဆို ကျောင်းသား ၁၁၈ ဦး၊ ကျောင်းသူ ၁၇၄ ဦး စုစုပေါင်း ၂၉၂ ဦး ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၅၀ ရာခိုင်နှုန်း ဝင်ရောက် ဖြေဆိုပြီး ဟိုပုံးမြို့ အ.ထ.က (၂) စာစစ်ဌာနတွင် ဆီဆိုင်မြို့နယ် မှ စာစစ်ဌာန လေးခုဖြစ်သည့် အ.ထ.က (ဆီဆိုင်)၊ အ.ထ.က (ဘန်းယဉ်)၊ အ.ထ.က (ဆိုက်ခေါင်)နှင့် အ.ထ.က (ထမ့်ယမ်း) စာစစ်ဌာနတို့မှ (ဇီဝဗေဒဘာသာရပ်)နှင့် (ဘောဂ ဗေဒဘာသာရပ်)တို့တွင် စာရင်းရှိ ကျောင်းသား ၁၂၈ ဦး၊ ကျောင်းသူ ၂၆၃ ဦး စုစုပေါင်း ၃၉၁ ဦး၊ ဖြေဆို ကျောင်းသား ၉၁ ဦး၊ ကျောင်းသူ ၁၇၃ ဦး စုစုပေါင်း ၂၆၄ ဦး ရာခိုင်နှုန်းအားဖြင့် ၆၇ ဒသမ ၅၂ ရာခိုင်နှုန်း ဝင်ရောက် ဖြေဆိုခဲ့ကြကြောင်း သိရသည်။



အဆိုပါ တက္ကသိုလ်ဝင် စာမေးပွဲ အေးချမ်းစွာဖြေဆို နိုင်ရေးအတွက် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ ပညာရေးဝန်ထမ်းများ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ မီးသတ် တပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ ပူးပေါင်း၍ ကျောင်းဝင်းအတွင်းနှင့် အပြင်တွင် လုံခြုံရေးဆိုင်ရာကိစ္စရပ် များ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ စနစ်တကျစောင့်ကြပ် ကြည့်ရှုပေးလျက်ရှိကြောင်း သိရ သည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒနှင့် ဘောဂဗေဒ ဘာသာရပ်များကို မတ် ၁၆ ရက်က ဖြေဆိုကြရာ မြို့နယ်များ၌ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။



သန်လျင်မြို့နယ် သန်းဝင်း(သန်လျင်)



တပ်ကုန်းမြို့နယ် တင်စိုးလွင်(ပြန်/ဆက်)



ကျောက်ဖြူမြို့နယ် တင်ထွန်းဦး(ပြန်/ဆက်)

# တပ်မတော်က အစ္စလာမ်ဘာသာဝင်များကို ရှေ့တန်းပို့နေသလို တပ်သားစုဆောင်းမှုလည်း ဆက်လုပ်နေကြောင်းနှင့် စစ်မှုထမ်းမည့် လူငယ်များအတွက် တစ်အိမ်ထောင်လျှင် တစ်လငွေကျပ် ၅၀၀၀ နှုန်း စတင်ကောက်ခံဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၆**

တပ်မတော်က အတင်းအဓမ္မ စုဆောင်းသင်တန်းပေးထားသည့် အစ္စလာမ် ဘာသာဝင်များကို ရှေ့တန်းပို့ စစ်တိုက်ခိုင်းခြင်း ကြောင့် တိုက်ပွဲအတွင်း သေဆုံး သွားသည့် အစ္စလာမ်ဘာသာဝင် များရှိနေသလို တပ်သားသစ် အဖြစ် အတင်းအကျပ်စုဆောင်းမှု များလည်း ဆက်လုပ်နေသည် ဟု ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ကောလာဟလ သတင်းမှားများကို လူမှုကွန်ရက် စာမျက်နှာတွင် ရေးသားဖြန့်ဝေ လျက်ရှိကြောင်း တွေ့ရှိရ သည်။

အဆိုပါ သတင်းနှင့်ပတ်သက် ၍ စစ်တွေမြို့နယ်ရှိ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ တပ်မတော်အနေဖြင့် အစ္စလာမ် ဘာသာဝင်များကို အတင်းအကျပ် စစ်သား စုဆောင်းမှုများ ပြုလုပ် သည်ဆိုသည့် သတင်းမှာ ကောလာဟလ သတင်းအမှားသာ ဖြစ်ကြောင်း သိရှိရပြီး တရား မဝင် ပြည်ဖျက်မီဒီယာများ သည် ရခိုင်ပြည်နယ်အတွင်းရှိ အစ္စလာမ် ဘာသာဝင်များနှင့် ပတ်သက်၍ မဟုတ်မမှန် သတင်းများကို ရည်ရွယ်ချက်ရှိရှိ ထုတ်လွှင့် ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရှိရသည်။

အလားတူ ပွင့်ဖြူမြို့နယ် မင်းမြေကျေးရွာတွင် စစ်မှုထမ်း မည့် လူငယ်များအတွက် တစ် အိမ်ထောင်လျှင် တစ်လ ငွေကျပ် ၅၀၀၀ နှုန်း စတင်ကောက်ခံ ကြောင်း ကောလာဟလသတင်း မှားများကိုလည်း အကြမ်းဖက် အားပေး ပြည်ဖျက်မီဒီယာ Khit Thit မှ ရေးသားဖြန့်ဝေလျက်ရှိ သည်ကိုတွေ့ရှိရပြီး စစ်မှုထမ်း မည့်လူငယ်များအတွက် တစ် အိမ်ထောင်ငွေကျပ် ၅၀၀၀ နှုန်းကောက်ခံခြင်း လုံးဝမရှိဘဲ အများပြည်သူ အထင်အမြင်လွဲမှား စေရန်အတွက် ဝါဒဖြန့်နေသည့် သတင်းအမှားသာ ဖြစ်ကြောင်း သိရှိရသည်။ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်၍ တရားမဝင် ပြည်ဖျက် မီဒီယာများနှင့် တိုင်းပြည်အေးချမ်းသာယာရေး





ကို မလိုလားသူများက အမျိုးမျိုး သော ကောလာဟလ သတင်း အမှားများဖြင့် ပြည်သူများ စိုးရိမ် ထိတ်လန့်စေရန်အတွက် ဝါဒဖြန့် လှုံ့ဆော်နေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# AA အကြမ်းဖက်သောင်းကျန်းသူများက စစ်တွေမြို့ပေါ်ရှိ လူနေရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ နှောင့်ယှက်ပစ်ခတ်လျက်ရှိပြီး စစ်ရာဇဝတ်မှု(War Crime)ကျူးလွန်နေ

**နေပြည်တော် မတ် ၁၆**

ရခိုင်ပြည်နယ် စစ်တွေမြို့ပေါ်ရှိ လူနေရပ်ကွက်များအတွင်းသို့ ယနေ့နံနက် ၁ နာရီခန့်တွင် AA အကြမ်းဖက်သောင်းကျန်းသူများက ပုဏ္ဏားကျွန်းဘက်မှ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့ရာ လက်နက်ကြီးကျည်များသည် စက်ရုံစု(၂) ကုန်းဘောင်ရပ်ကွက်အတွင်းရှိ လူနေအိမ်တစ်ခုအနီး ကျရောက်ပေါက်ကွဲခဲ့သည်။ ထိုသို့လက်နက်ကြီးကျည်ကျရောက် ပေါက်ကွဲမှုကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး အပြင်းအထန် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး **(အောက်ပုံ)** တာဝန်ရှိသူများက စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး (ခုတင်-၅၀၀) သို့ အရေးပေါ် ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိသည်။

AA အကြမ်းဖက်သောင်းကျန်းသူများသည် စစ်တွေမြို့ပေါ်ရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွား ဘဝ ထိခိုက်ပျက်စီးစေပြီး စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်ကာ တည်ငြိမ်မှု ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်၊ ကျေးရွာများနှင့် လူစည်ကားရာနေရာများကို Drop Bomb များပစ်ချတိုက်ခိုက်ခြင်း၊ အဝေးမှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများကို မကြာခဏ လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် စစ်တွေတပ်နယ်အတွင်းရှိ ကျေးရွာများသို့လည်းကောင်း၊ ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၈ နာရီခန့်တွင် စစ်တွေမြို့ မြို့မဈေးအနီးရှိ ဒေသအခေါ် အဝေါ် ကိုရီးယားဆိပ်ကမ်းဈေးအတွင်းသို့လည်းကောင်း၊ မတ် ၉ ရက် ည ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် စစ်တွေမြို့ ကသဲရပ်ကွက်အတွင်းသို့လည်းကောင်း၊ မတ် ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် စစ်တွေမြို့နယ် ပါဒလိပ်ကျေးရွာရှိ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်းအနီးသို့လည်းကောင်း၊ မတ် ၁၃ ရက် နံနက် ၉ နာရီခွဲခန့်တွင် စစ်တွေမြို့နယ် ရွှေပြည်သာကျေးရွာအတွင်းရှိ စာသင်ကျောင်းကိုလည်းကောင်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင်လည်း စစ်တွေမြို့ စက်ရုံစု(၂) ကုန်းဘောင်ရပ်ကွက်အတွင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း အပါအဝင် လူနေရပ်ကွက်များအတွင်းသို့ စုစုပေါင်း ၁၃ ကြိမ် ရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ထိုသို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ မြို့၊ ရွာများအတွင်း လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများကြောင့် အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် ဒေသခံပြည်သူ ၁၈ ဦး သေဆုံးပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူနှစ်ဦးအပါအဝင် ၄၇ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကာ စာသင်ကျောင်းများ၊ လူနေအိမ်များနှင့် ဌာနဆိုင်ရာအဆောက်အဦများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ရခိုင်ပြည်နယ်အတွင်း ဒေသကောင်းစားရေးဟု သုံးနှုန်းပြီး အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသော AA အကြမ်းဖက်သောင်းကျန်းသူများသည် တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့၊ ရွာများအတွင်း လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခြင်း၊ တိုက်ပွဲများဖော်ဆောင်ခြင်း၊ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများနှင့် ပညာရေးအဆောက်အဦများကို ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ယင်းသို့ စစ်ရေးပစ်မှတ် မဟုတ်သည့် စာသင်ကျောင်းနှင့် လူနေရပ်ကွက်များအား ရည်ရွယ်ချက်ရှိစွာ ပစ်ခတ်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကျူးလွန်ခြင်းပင်ဖြစ်ပြီး ဒေသခံပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်မှု မရှိကြောင်းနှင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

AA အကြမ်းဖက်သမားများက စစ်တွေမြို့ စက်ရုံစုရပ်ကွက်အတွင်းသို့ ပစ်ခတ်လိုက်သည့် လက်နက်ကြီး ကျရောက်ပေါက်ကွဲခဲ့သည့်နေရာပြပုံ။







---

◆ *ကျော့ဖုံးမှ*

ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Loop LED မီးသီး အလုံး ၁၁၀၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၉၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မတ် ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၀ လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Ceramic Tiles ၁၁၁၄၅ ဒသမ ၆ စတုရန်းမီတာ၊ Dershan အမွှေးတိုင် ၄၄၃၄ ဒသမ ၁၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၆၅၉၃၂၂) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် ဆေးဝါးများဖြစ်သည့် ACE Syrup အကိုက်အခဲပျောက်ဆေးဘူး ၅၀၀၀ ၊ Annodis Tablet ပိုးသတ်ဆေး ၉၂၉၉ ဘူး အပါအဝင် ဆေးဝါး ၄၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၄၀၉၂၃၇၅) ကိုလည်းကောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် SCGC Polypropylene Resin ၁၆၅ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Htila Royal Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၉၅၀၆၆၉၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မတ် ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့ အမှတ် (၁၀) ရပ်ကွက်၌ လိုင်စင်မဲ့ Toyota Gracia မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) ကိုလည်းကောင်း၊ စခတ(၈)ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ လိုင်စင်မဲ့ Toyota Landcruiser မော်တော်ယာဉ်တစ်စီးနှင့် Toyota Crown မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၂၁၅၈၆၉၇) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။**သတင်းစဉ်**

---

## နောင်ချိုမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၆**

မတ် ၁၅ ရက် နံနက် ၉ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် FUSO MINI BUS အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မသင်းသင်းဦး၏ ပလတ်စတစ်လက်ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် မသင်းသင်းဦး (၅၂) နှစ်အား မူးယစ်ဆေးဝါး နှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❑ *ကျော့ဖုံးမှ*

မြန်မာ့လက်ရွေးစင် ဖူဆယ် အသင်းသည် ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်အထိ ပထမအကြိမ် လေ့ကျင့်ခဲ့ပြီး ဖေဖော်ဝါရီဒုတိယပတ်တွင် အင်ဒိုနီးရှားနိုင်ငံသို့သွားရောက်ကာ အင်ဒိုနီးရှားကလပ်အသင်းများနှင့်ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ် အသင်းသည် ယခုဒုတိယအကြိမ် လေ့ကျင့်ရာတွင်လည်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ရန်ကုန်မြို့၌ အာဖဂန်နစ္စတန်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားမည်ဖြစ်သည်။ ထို့ပြင် အာရှဖလား ဖူဆယ်ပြိုင်ပွဲကျင်းပမည့် ထိုင်းနိုင်ငံသို့ ကြိုတင်သွားရောက်မည်ဖြစ်ပြီးနောက်ဆုံးအဆင့် ယှဉ်ပြိုင်ခွင့်ရထားသည့် လက်ရွေးစင် အသင်းအချို့နှင့် ခြေစမ်းပွဲကစားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

မြန်မာအသင်းသည် အာရှဖလား ဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် အိမ်ရှင်ထိုင်း၊ ဗီယက်နမ်၊ တရုတ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ ယင်းပြိုင်ပွဲကို ဧပြီ ၁၇ ရက်မှ ၂၈ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

---

❋ *ကျော့ဖုံးမှ*

အဆိုပါ ပွဲစဉ်ကို ဝုဖ်အသင်းအိမ်ကွင်း၌ မတ် ၁၆ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၃၁၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ဝုဖ်အသင်းသည် ကိုဗင်ထရီအသင်းကို အိမ်ကွင်း၌ လက်ခံယှဉ်ပြိုင်ကစားရသော်လည်း ပြိုင်ဘက်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။

ဝုဖ်အသင်းသည် မိနစ် ၉၀ အထိ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိရန် နီးစပ်မှုရှိခဲ့သော်လည်း နာကျင်အချိန်ပိုမိနစ်များအတွင်း ခွင့်ပြုပေးခဲ့ရသော ချေပဂိုးနှင့်အနိုင်ဂိုးကြောင့် ရှုံးပွဲကြုံတွေ့ကာ နောက်တစ်ဆင့်တက်လှမ်းခွင့်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

ဘောလုံးပိုင်ဆိုင်မှုကို ဝုဖ်အသင်းက အသာရရှိခဲ့ပြီး ဂိုးကန်သွင်းမှုနှင့် ဂိုးပေါက်တည့်မတ်မှုတွင် ပြိုင်ဘက် ကိုဗင်ထရီအသင်းက သိသိသာသာ အသာရရှိခဲ့သည်။ ဝုဖ်အသင်းအတွက် သွင်းဂိုးများကို နော်ရီနှင့်ဗြူနိုက သွင်းယူပေးပြီး ကိုဗင်ထရီအသင်းအတွက် သွင်းဂိုးများကို ဆင်းစ်နှင့် ရိုက်စ်တို့က သွင်းယူပေးခဲ့သည်။ **အောင်ဇော်**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့ကို ရဟန်းရှင်လူ ပြည်သူများ ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇- ၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁- ၂၄၆၀၂၆၉ တို့သို့လည်းကောင်း KBZ Bank NYAUNG OO BRANCH Account No- 06713906701442701 သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

နေပြည်တော် မတ် ၁၆

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မန္တလေးနည်းပညာတက္ကသိုလ်(MTU)တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှုအားပေး

မန္တလေး မတ် ၁၆

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ်(MTU)တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

### ကြည့်ရှုအားပေး

အဆိုပါနေရာများသို့ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက်မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် စက်ယန္တရားတို့ဖြင့် တက်ညီလက်ညီ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာ(**ယာပုံ**) တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးသည်။

### စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊



မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မွန်ပြည်နယ်ဝန်ကြီးချုပ် ရွှေရတု မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ တက်ရောက်ဖွင့်လှစ်

မော်လမြိုင် မတ် ၁၆

နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ငန်းတေးဂေါက်ကွင်း၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများနှင့် ဖိတ်ကြားထားသည့် ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အနေဖြင့် ပြည်နယ်၏အားကစားအဆင့်အတန်းတိုးတက် မြင့်မားရေးအတွက် ကဏ္ဍပေါင်းစုံမှ ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဂေါက်သီးရိုက် အားကစားသည် ကမ္ဘာပေါ်တွင် ထင်ရှားသည့် အားကစားနည်းတစ်ခုဖြစ်သလို ပျော်ရွှင်မှုများ ရရှိနိုင်စေခြင်း၊ သက်တူရွယ်တူ အချင်းချင်း အားပေးဖော်များ ကောင်းမွန်စေခြင်း၊ အသင်းအဖွဲ့နှင့်နေတတ်ခြင်း၊ ကောင်းသောယှဉ်ပြိုင်လိုစိတ် အလေ့အထကို ရရှိစေခြင်း စသော အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ် ဂေါက်သီးရိုက်အားကစားသမားများအား ဂေါက်သီးရိုက်အားကစားနည်းစနစ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို စနစ်တကျ လေ့ကျင့်ပျိုးထောင် မွေးထုတ်ပေးပြီး ပြည်နယ်၏ ဂေါက်သီးရိုက် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်(**အပေါ်ဝဲပုံ**)နှင့် ပြည်နယ်ဝန်ကြီးတို့က နှစ် (၅၀) ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို မီးခိုးဘောလုံးရိုက်၍ စတင်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲဝင် ဂေါက်သီးရိုက်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

နှစ်(၅၀)ပြည့် ရွှေရတုမွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဖိတ်ကြားထားသည့် ပြိုင်ပွဲအသင်းများမှ ဂေါက်သီးရိုက် အားကစားသမား ၂၅၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

သက်နိုင် (မော်လမြိုင်)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ TTTC (ဘယ်လင်း)တွင် သင်တန်းသားများကို ကြည့်ရှုအားပေးကာ EV အလုပ်ရုံကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မတ် ၁၃ ရက် နံနက်ပိုင်းတွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ် (ဘယ်လင်း) ၌ တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ သင်တန်းသားများနှင့် တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ဌာနများတွင် အမှန်တကယ်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးဆိုင်ရာ MSMEs များ၊ အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးရန်တို့အတွက် ခေတ်မီနည်းပညာများ စနစ်တကျအသုံးချနိုင်ပြီး အရည်အချင်းပြည့်ဝသော နည်းပညာရှင်များကို လိုအပ်သဖြင့် ဤကောလိပ်တွင် စွမ်းရည်မြှင့်တင်ရေးသင်တန်းများကို ဖွင့်လှစ်ကာ မြေတောင်မြှောက်ပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်မှ လက်ရှိအချိန်အထိ သင်တန်းသားဦးရေ ၉၅၃၉ ဦးအထိ လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း ပြောကြားသည်။



**လိုအပ်ချက်များဖြည့်ဆည်းပေး**

ယင်းနောက် ဒုတိယဝန်ကြီးသည် အဆိုပါကောလိပ်ကျောင်းအုပ်ကြီးနှင့် သင်တန်းသားများအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဒုတိယဝန်ကြီးသည် လက်ဖက်ရည်ဝိုင်းတွင် သင်တန်းသားများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး လိုအပ်ချက်တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာဌာနများတွင် သင်တန်းသားများ စိတ်ပါဝင်စားစွာ လေ့ကျင့်သင်ကြားနေကြသည်များကို လှည့်လည်ကြည့်ရှုအားပေးပြီး သင်တန်းများမှ လေ့လာသိရှိခဲ့သည်များကို လုပ်ငန်းခွင်များတွင် အကျိုးရှိရှိအသုံးချကာ ဆင့်ပွားမျှဝေပေးရန်၊ ပြည်သူများ၏ အကျိုးစီးပွားအတွက် မိမိတို့၏ နည်းပညာစွမ်းရည်များဖြင့် အလုပ်အကျွေးပြုနိုင်ရေးအတွက် စဉ်ဆက်မပြတ် ဆန်းစစ်မွမ်းမံသွားရန် လိုအပ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

**နည်းပညာ ဖြန့်ဝေပေးနိုင်ရေး**

ယင်းနောက် ဒုတိယဝန်ကြီးသည် EV အလုပ်ရုံကို ကြည့်ရှုစစ်ဆေးကာ ဖွံ့ဖြိုးပြောင်းလဲမှုမြန်ဆန်လျက်ရှိသော EV နည်းပညာအရွေ့များအတိုင်း အမီလိုက်ပါကာ လေ့ကျင့်သင်ကြားပေးနိုင်ရေးနှင့် EV သုံးစွဲသူပြည်သူများအပါအဝင် EV Stakeholders များ၏ လက်ဝယ်အရောက် EV နည်းပညာများကို ထိရောက်ပီပြင်စွာ ဖြန့်ဝေပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧည့်လမ်းညွှန်သင်တန်း အမှတ်စဉ် (၆၄) နှင့် ဧည့်လမ်းညွှန်မွမ်းမံသင်တန်း အမှတ်စဉ် (၁၁) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၆**

ဟိုတယ်နှင့်ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အရည်အချင်းပြည့်ဝသော ဧည့်လမ်းညွှန်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားခဲ့သော ဧည့်လမ်းညွှန်သင်တန်း အမှတ်စဉ်(၆၄)နှင့် ဧည့်လမ်းညွှန်မွမ်းမံသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ကျင်းပသည်။





သင်တန်းဆင်းပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်နှင့် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

**စွမ်းရည်များ ပြည့်စုံနေရမည်**

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီးက အရည်အသွေးပြည့်ဝသော ဧည့်လမ်းညွှန်ကောင်းတစ်ဦးဖြစ်စေရန်အတွက် ဘာသာစကားကျွမ်းကျင်မှုသာမက ဗဟုသုတကြွယ်ဝမှု၊ စိတ်ရှည်သည်းခံမှု၊ ခရီးသွားအဖွဲ့ကို ဦးဆောင်နိုင်မှု၊ ခရီးစဉ်အတွင်း အရေးပေါ်ကိစ္စများကို ကိုင်တွယ်ဖြေရှင်းနိုင်မှု၊ အခြေအနေတိုင်းကို လိုက်လျောညီထွေနေနိုင်မှု၊ ပေါင်းသင်းဆက်ဆံရေး ပြေပြစ်မှု၊ အကောင်းမြင်စိတ်ရှိမှုစသည့် စွမ်းရည်များပါ ပြည့်စုံနေကြရမည်ဖြစ်ကြောင်း၊

ဧည့်ဝတ်ပျူငှာစွာဖြင့် နိုင်ငံ့ပုံရိပ်ကို မြှင့်တင်ကြရန်နှင့် ခရီးသွားဧည့်သည်များအတွက် လည်ပတ်ရန် ကောင်းမွန်သည့် ခရီးစဉ်ဒေသတစ်ခုဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းတက်ရောက် အောင်မြင်ခဲ့ကြသော သင်တန်းသားသင်တန်းသူများကို သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဧည့်လမ်းညွှန် သင်တန်း အမှတ်စဉ်(၆၄)ကို သုံးလအကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၂ ဦး တက်ရောက်ခဲ့ကြကြောင်းနှင့် ဧည့်လမ်းညွှန်မွမ်းမံသင်တန်း အမှတ်စဉ်(၁၁) သင်တန်းကို ရက်သတ္တနှစ်ပတ်အကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၃ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**သင်တန်းများ ဖွင့်လှစ်သင်ကြား**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မဲခေါင်လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) The Establishment of Bakery & Pastry Training Pro–ject အစီအစဉ်ဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိသော မုန့်ဖုတ်နည်းဆရာဖြစ်သင်တန်း အမှတ်စဉ်(၂) ဖွင့်လှစ်သင်ကြားနေမှု၊ ကန်တော်ကြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်းကျောင်း၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2024) လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံအသိုက်အဝန်း ထူထောင်ရေးတို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၄ ခုနှစ် အာဆီယံဆု (ASEAN Prize 2024) ကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်–

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ခ ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပေါင်းစည်းရေးနှင့် စံနှုန်းများမြှင့်တင်ရေးဆောင်ရွက်မှုများ၊

( င ) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့်ဆောင်ရွက်မှုများ

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် အကဲဖြတ်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသောအဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန်အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကိုဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင်ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/nomination–form/ တွင် download ရယူဖြည့်စွက်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) amns.mofa@gmail.com သို့ **၂၀–၄–၂၀၂၄ ရက်နေ့နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

# ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပုံ-ညောင်ချိုင်း ကျောက်ချောလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**နေပြည်တော် မတ် ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားဒေသမှ ဒေသထွက် စိုက်ပျိုးသီးနှံများ သယ်ယူပို့ဆောင်ရာတွင် အရေးကြီးသည့် ကုန်ထုတ်လမ်းအဖြစ် အသုံးပြုလျက်ရှိသော ကျောက်ပုံ –ညောင်ချိုင်း ကျောက်ချောလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၈၅ ဒသမ ၅၅ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

အဆိုပါလမ်း ဖောက်လုပ်ခြင်းကြောင့် ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပုံကျေးရွာနှင့် ညောင်ချိုင်းကျေးရွာများအပါအဝင် ယင်းလမ်းကို အသုံးပြုလျက်ရှိသည့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများအတွက် များစွာအထောက်အကူပြု၍ ကျေးရွာနေပြည်သူများအနေဖြင့် များစွာဝမ်းမြောက် ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။**

# ဆံတော်ရှင်မော်တင်စွန်းဘုရားကို ပွဲတော်ကာလမှာ သွားဖူးကြမယ်

ယဉ်လာဒ်၊ ဓာတ်ပုံ-ကျော်စွာ၊ ကိုကွေကာ(ဂေါ်ရန်ဂျီလမ်းညွှန်)



**မြန်မာ** နိုင်ငံရဲ့ အထင်ကရ ဘုရားပွဲတော်တစ်ခုဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်းက ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးရဲ့ ဘုရားပွဲတော်ကို ကျင်းပနေပြီဖြစ်ပါတယ်။ တစ်နှစ်မှာ တစ်ကြိမ်သာကျင်းပတဲ့ ဆံတော်ရှင်မြတ်မော်တင်စွန်းဘုရားပွဲတော်ကို မတ် ၁၀ ရက်ကနေ ၂၄ ရက်အထိ ပွဲတော်ကာလ ၁၅ ရက်တိုင်တိုင်ကျင်းပပြီး အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းခရီးသွားများ သွားရောက်လည်ပတ်ဖူးမြော်နေကြပါတယ်။

### မော်တင်စွန်းအငူမှာ တည်ထား

"မော်တင်စွန်းအငူမှာ တည်ထားကိုးကွယ်တဲ့ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးရဲ့ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးတွေက ရေလမ်းနဲ့သာမက ကုန်းလမ်းကပါ လာရောက်ဖူးမြော်နေကြတာကို တွေ့မြင်ရပါတယ်" လို့ မြတ်မော်တင်စွန်း ဆရာတော်က စာရေးသူကို မိန့်ကြားပါတယ်။

ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ဟိုင်းကြီးကျွန်းမြို့ မော်တင်စွန်းအငူမှာ ရွှေဟောင်းသမိုင်းဝင် ဆံတော်ရှင် မြတ်မော်တင်စွန်းတည်ရှိတာ ဖြစ်ပါတယ်။ ပုသိမ်မြို့ကနေ လာမယ်ဆိုရင် မြတ်မော်တင်စွန်းအထိ ၉၅ မိုင် ကွာဝေးပါတယ်။ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးရဲ့ နှစ်စဉ် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပေမယ့် ကိုဗစ်ကာလမှာ အကျဉ်းရုံးမျှသာ ကျင်းပခဲ့ကြပါတယ်။

ဘုရားပွဲတော်ကာလအတွင်း ဘုရားဖူးခရီးသွားပြည်သူတွေ လာရောက်ဖူးမြော်နိုင်စေဖို့ ရေလမ်းနဲ့ ကုန်းလမ်းကနေ ဖူးမြော်နိုင်ရန် စီစဉ်ပေးထားပါတယ်။ "ဒီနေ့ဆိုရင် ရေလမ်းကလာတဲ့ ရှပ်ပြေးရေယာဉ် ရှစ်စင်းနဲ့ ဘုရားလာဖူးကြတာ တွေ့ရပါတယ်။ ရေလမ်းရော ကုန်းလမ်းကပါ လာရောက်ဖူးမြော်ကြပါတယ်။ သန်းငွေးနဲ့ ရောင်းရင်းဘုရားဖူးကားတွေရယ်၊ တခြား ဘုရားဖူးယာဉ်လိုင်းကားတွေလည်း လာဖူးကြတယ်။ ပိတ်ရက်ဆို ဘုရားဖူးညှော်သည်များပါတယ်"လို့ မြတ်မော်တင်စွန်း ဆရာတော်က မိန့်ကြားပါတယ်။

### နှစ်ထပ်အမြန်ရေယာဉ်များနဲ့ ပြေးဆွဲပေးနေ

ရေလမ်းနဲ့ သွားရောက်ဖူးမြော်ချင်တဲ့ ဘုရားဖူးများအတွက် ပုသိမ်မြို့ကနေ ရွှေစင်ကြယ်ကမ်းရိုးတန်းသွား နှစ်ထပ်အမြန်ရေယာဉ်တွေနဲ့ ပြေးဆွဲပေးနေပြီး ခရီးသည်တစ်ဦးကို ကျပ် ၁၀၀၀၀၊ အဲကွန်းနဲ့ တစ်ခန်းကို လူနှစ်ဦးလိုက်ပါပါက ကျပ် ၃၅၀၀၀၊ ပန်ကာအခန်းဆိုပါက ကျပ် ၃၀၀၀၀ နဲ့ ပို့ဆောင်ပေးနေကြောင်း သိရပါတယ်။

"ရွှေဟောင်းသမိုင်းဝင် ဆံတော်ရှင်မြတ်မော်တင်စွန်း ဘုရားပွဲတော်ကို နှစ်ညအိပ် သုံးရက်ခရီး ပို့ပေးပါတယ်။ ငွေတောင်ကမ်းခြေရယ် ဟိုင်းကြီးကျွန်းကတစ်ဆင့် ကားခအပါ ထမင်းကျွေးအစီအစဉ်နဲ့ တည်းခိုတာပါအပြီးကို လူတစ်ဦးကို ကျပ် ၁၂၀၀၀၀ ပါ။ တစ်ပတ်မှာ နှစ်ခေါက်ဆွဲပေးပါတယ်။ အခုဆွဲပေးပြီးတာ နှစ်ခေါက်ရှိပါပြီ။ ကျောက်ကလပ်ကို သွားတဲ့ ကုန်ကျစရိတ်ကတော့ စုပေါင်းပြီးတော့ မျှခံရပါတယ်"လို့ သန်းငွေးနဲ့ ရောင်းရင်း ဘုရားဖူးလုပ်ငန်းမှ တာဝန်ရှိသူက ပြောပါတယ်။

"ဒါ့ပြင် အထူးအစီအစဉ်အနေနဲ့ ငွေဆောင်ကမ်းခြေကိုလည်း အပြန်ကျရင် ဝင်ပို့ပေးပါတယ်"လို့ သန်းငွေးနဲ့ ရောင်းရင်းဘုရားဖူးလုပ်ငန်းမှ တာဝန်ရှိသူက ဆိုပါတယ်။



ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်သို့ လာရောက်ဖူးမြော်နေကြသည့် ဘုရားဖူးများ။

### ရင်ပြင်တော် တိုးချဲ့

ပြီးခဲ့တဲ့နှစ် ဘုရားပွဲတော်မတိုင်ခင်ကတည်းက စေတီတော်မြတ်ကြီးရဲ့ ရင်ပြင်တော်တိုးချဲ့ခြင်းများကို ပြုလုပ်ခဲ့ပြီးဖြစ်တာမို့ အခုနှစ်မှာ ဘုရားဖူးတွေ စိတ်ချမ်းချမ်းသာသာနဲ့ ဘုရားဖူးလည်ပတ်နိုင်ပြီ ဖြစ်ပါတယ်။

ဒါ့အပြင် ရွှေချမ်းသာမြန်မာပြည်အနှံ့ ဘုရားဖူးနဲ့ ခရီးသွားပို့ဆောင်ရေးကလည်း ဆံတော်ရှင်မြတ်မော်တင်စွန်း၊ ဟိုင်းကြီးကျွန်း၊ ငွေတောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေ၊ ဖိုးကုလားကျွန်း၊ ကျောက်မောင်နှမ၊ Sea & Lake၊ ပုသိမ်ရွှေမုဋ္ဌော၊ ယိုးဒယားဘုရားနဲ့ ရေကြည်ရေနောက်ဘုရားတို့ကို ပို့ဆောင်ပေးမှာဖြစ်ပြီး သုံးညအိပ် လေးရက်ခရီးကို တစ်ဦးလျှင် ထမင်းစရိတ်ငြိမ်းအပါ ကျပ် ၉၀၀၀၀ နဲ့ ပို့ဆောင်ပေးနေတယ်လို့ ရွှေချမ်းသာမြန်မာပြည်အနှံ့ ဘုရားဖူးနဲ့ခရီးသွားပို့ဆောင်ရေးမှ တာဝန်ရှိသူကလည်း ပြောပါတယ်။

"အရင်ကထက်စာရင် ရင်ပြင်တော်က ပိုကျယ်သွားပြီ။ နှစ်စဉ်လာကြတဲ့ ဘုရားဖူးတွေကတော့ သိကြပါတယ်။ အရင်ကနဲ့မတူတော့တာကို မြင်ရမှာပါ။ လမ်းတွေလည်း ကောင်းသွားပြီ။ ဘုရားဖူးတွေနားဖို့ နားနေခန်းတွေကလည်း အကျယ်ကြီး ဆောက်လုပ်ပေးထားတယ်။ ထပ်ပြီးတော့လည်း အာရုံခံတန်ဆောင်းတွေ ထပ်ဆောက်လုပ်သွားမှာပါ။ အခုဆောင်ရွက်တာတွေက ကျပ် ၃ ဘီလီယံကျော် ကုန်ကျပါတယ်" လို့ မြတ်မော်တင်စွန်းဆရာတော်က စာရေးသူကို ပြောပြပါတယ်။

မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီးရဲ့ဘုရားပွဲတော်ကို တပေါင်းလဆန်း ၁ ရက်ကနေ တပေါင်းလဆန်း ၁၅ ရက်အထိ အစဉ်အလာမပျက် တစ်နှစ်မှာ တစ်ကြိမ် ကျင်းပတာမို့ မြတ်မော်တင်စွန်း ဘုရားပွဲတော်ကာလမှာ သွားရောက်ဖူးမြော်နိုင်ဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသားဖော်ပြလိုက်ရပါတယ်။ ။



စေတီတော်ပတ်ဝန်းကျင်၌ တန်ဆောင်း၊ လမ်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။




# ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း (၉၂)ကြိမ်မြောက် ဘုရားဖြူ ဝိနည်းစာတော်ပြန်ပွဲ စာအောင်ဆုနှင်းသဘင်ကျင်းပမည်

နေပြည်တော် မတ် ၁၆

၁၃၈၅ ခုနှစ် နတ်တော်လတွင် ကျင်းပပြီးစီးခဲ့သည့် (၉၂)ကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဘုရားဖြူဝိနည်းစာတော်ပြန်ပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသော စာအောင်သံဃာတော်အရှင်မြတ် ၁၈၁ ပါးတို့အား စာအောင်ဆုနှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲကို ၁၃၈၅ ခုနှစ် တပေါင်းလဆန်း ၈ ရက် (မတ် ၁၇ ရက်) တနင်္ဂနွေနေ့ နံနက် ၁၁ နာရီခွဲတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါစာအောင်ဆုနှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲတွင် အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက စာချတန်း(ဝိနယပါရဂူ) တစ်ပါးလျှင် ကျပ် ၄၀၀၀၀၊ အကြီးတန်း (ဝိနယဝိသာရဒ) တစ်ပါးလျှင် ကျပ် ၆၀၀၀၀၊ အလတ်တန်း(ဝိနယဆေက) တစ်ပါးလျှင် ကျပ် ၄၅၀၀၀၊ အငယ်တန်း (ဝိနယကောသလ္လ) တစ်ပါးလျှင် ကျပ် ၃၀၀၀၀ နှင့် မူလတန်း (သာမဏေရဝိနယမူလ) တစ်ပါးလျှင် ကျပ် ၁၅၀၀၀ တို့ကို လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်အကြို ဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း(UMBEEA)က ကြီးမှူးကျင်းပမည့် ဒုတိယအကြိမ် မြန်မာ့ရိုးရာနှစ်သစ်ကူး သင်္ကြန်အကြို ဈေးရောင်းပွဲတော်ကို မတ် ၂၄ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်သာယာ Shopping Mall ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ UMFCCI ၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း (UMBEEA) က ဦးစီးကျင်းပတဲ့ဈေးရောင်းပွဲတော်မှာ တိုင်းရင်းသားတွေရဲ့ ရိုးရာလက်မှုလုပ်ငန်းတွေမှ ထုတ်ကုန်များ၊ လက်မှုအနုပညာလုပ်ငန်းများ၊ ရိုးရာစားသောက်ကုန်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းတွေရဲ့ ထုတ်ကုန်တွေကို ဈေးကွက်မြှင့်တင်ဖို့ ရည်ရွယ်ပြီး ကျင်းပပြုလုပ်ခြင်းဖြစ်ပါတယ်" ဟု အသင်းဥက္ကဋ္ဌ ဦးကျော်ဒေဝက ပြောသည်။

အခမ်းအနားသို့ UMBEEA နှင့် MoU ရေးထိုးထားသော မိတ်ဖက်လုပ်ငန်းရှင်များ၊ SME လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့် သတင်းမီဒီယာများ တက်ရောက်ကြသည်။ ယင်းဈေးရောင်းပွဲတော်ကို နံနက် ၉ နာရီမှ ည ၉ နာရီအထိ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**




**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၆ - ၃ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၅ ကျပ် | ၂၄၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၃၀ ကျပ် | ၂၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၄၅ ကျပ် | ၂၈၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၁၅၆ | ၁၃၂၆၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၁၀၂ | ၂၉၅၈၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁ | ၇၈၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၇၉ | ၁၁၈၅၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၂ | ၄၉၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၅ | ၂၆၂၅၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၃၈၈၀ | ၆၆၉၆၉၅၀ |

# ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်း၍ အသေးစားလက်မှုလုပ်ငန်းအဖြစ်ရပ်တည်နေသည့် ဗိဿနိုးမြေမှ ရိုးရာအိုးလုပ်ငန်း

**တွေ့ဆုံမေးမြန်း-အေးမိုးမိုးမြင့်**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၏ အနောက်ဘက် ၁၂ မိုင်အကွာ ဗိဿနိုးမြို့ဟောင်း အနောက်ဘက်တွင်ရှိသည့် ကုက္ကိုခွကျေးရွာမှ မိရိုးဖလာအိုးလုပ်ငန်းသည် ဘိုးဘွားအစဉ်အဆက် လက်ဆင့်ကမ်းလုပ်ကိုင်လာသည့် ရိုးရာလက်မှုအတတ်ပညာ လုပ်ငန်းတစ်ခုဖြစ်သည်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းဆိုင်ရာ အချက်အလက်များမှ အရိုးအိုးမြုပ်နှံမှုဆိုင်ရာအထောက်အထားများ၊ ရေစင်တော်သွန်းအိုး၊ ငှက်ရုပ်ပုံအရိုးအိုးစသည့် သမိုင်းကြောင်းဆိုင်ရာအထောက်အထားများနှင့် လေ့လာတွေ့ရှိချက်များအရ အိုးလုပ်ငန်းသည် ပျူခေတ်ကတည်းက ထွန်းကားလာခဲ့သော မြန်မာတို့၏ လက်မှုအတတ်ပညာ တစ်ခုလည်း ဖြစ်ခဲ့သည်။ ဘိုးဘွားအစဉ်အဆက် လက်ဆင့်ကမ်းလုပ်ကိုင်လာခဲ့ရာမှ ယခုအခါ အသေးစားစီးပွားရေး လက်မှုလုပ်ငန်းအဖြစ် အိုးအမျိုးမျိုးကို ထုတ်လုပ်လျက်ရှိသည့် တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာမှ အိုးလုပ်ငန်းလုပ်ကိုင်သူ မစမ်းစမ်းသွယ်နှင့် တွေ့ဆုံမေးမြန်းမှုများကို ရေးသားဖော်ပြအပ်ပါသည်။

**မေး ။ ။ အိုးလုပ်ငန်းကို ဘယ်အချိန်ကစပြီး လုပ်ကိုင်ခဲ့တယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ အဘိုးအဘွားတွေ လက်ထက်ကတည်းက လုပ်ကိုင်လာခဲ့တာပါ။ ကျွန်မအသက် ၁၉ နှစ်အရွယ်က ဒီပညာကို စပြီးသင်ယူခဲ့ပါတယ်။ ဘိုးဘွားအစဉ်အဆက် ဒီပညာကို လက်ဆင့်ကမ်း လာတာပါ။

**မေး ။ ။ ကုက္ကိုခွကျေးရွာအပြင် ဘယ်ရွာတွေက အိုးလုပ်ငန်းကို လုပ်သေးလဲ။**

ဖြေ ။ ။ ကုက္ကိုခွကျေးရွာအပြင် အနီးတစ်ဝိုက်ရွာတွေဖြစ်တဲ့ ဂျုတ်ကုန်းကျေးရွာ၊ ရခိုင်စုကျေးရွာတွေမှာလည်း မိရိုးဖလာအိုးလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။

**မေး ။ ။ အိုးလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကိုလည်း ရှင်းပြပါဦး။**

ဖြေ ။ ။ ပထမဆုံး ကြီးရိုးကြီးကန်က ရွှံ့စေးမြေကြီးတွေကို သယ်ပြီး လိုအပ်တဲ့အရွယ်အစားရအောင် ရွှံ့တုံးကို ထုချေပြီး နေလှန်းရပါတယ်။ လှည်းတစ်စီးစာ မြေကြီးဆိုရင် သဲသုံးအိတ်လောက်နဲ့ရောပြီး တစ်ညအိပ် ရေစိမ်ရပါတယ်။ ရွှံ့နှပ်တယ်လို့ ခေါ်တာပေါ့။ နောက်ပြီး ဂုံပြာပေါ်မှာ နှပ်ထားတဲ့ရွှံ့တွေတင်ပြီး အစေးပေါက်အောင် ခြေထောက်နဲ့နင်းရပါတယ်။ အဲဒါကိုတော့ ရွှံ့နင်းတယ်လို့ ခေါ်ပါတယ်။ ပြီးရင် တစ်နေ့စာ မြေကြီးပုံတွေပုံပြီး တစ်ချီစာတွေ နှပ်ထားရပါတယ်။ အဲဒီလို အဆင့်ဆင့်ဆောင်ရွက်ပြီးရင် အိုးထိန်းစက်နဲ့ အိုးပုံဖော်ရတယ်။ နောက် အိုးမော်၊ အိုးဆွ၊ အိုးပြန်ဖွ၊ ပန်းရိုက်စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ရပါတယ်။ အဲဒီအဆင့်တွေပြီးရင် အိုးတွေကို အရိပ်ထဲမှာ နှစ်ညအိပ် သုံးရက်ထားပြီး နေပူမှာ တစ်ရက် ထုတ်လှန်းရပါတယ်။ နေလှန်းပြီးအိုးတွေကို နွားလှည်းတွေ၊ ကားတွေနဲ့ စနစ်တကျတင်ပြီးတော့ မီးဖုတ်မယ့် အိုးဖိုကိုပို့ရပါတယ်။ အိုးမီးဖုတ်တဲ့လုပ်ငန်းပြီးရင်တော့ ဈေးကွက်ဝင်အိုးတွေရပါပြီ။

**မေး ။ ။ အိုးမီးဖုတ်တဲ့ လုပ်ငန်းလေးအကြောင်းလည်း ရှင်းပြပေးပါဦး။**

ဖြေ ။ ။ အိုးမီးဖုတ်တာကတော့ ရွာနဲ့ဝေးတဲ့နေရာမှာ လုပ်ပါတယ်။ အိုးဖိုလို့ခေါ်တာပေါ့။ အိုးဖိုမယ့်နေရာမှာ ပထမဦးဆုံး ထင်းစီတာတွေ၊ ထင်းခွေတာတွေလုပ်ပြီး အဲဒီထင်းတွေပေါ်မှာ မီးဖုတ်မယ့်အိုးတွေကို စနစ်တကျခွေရပါတယ်။ အိုးတွေ စနစ်တကျခွေပြီးရင် အိုးဖိုပတ်လည် ထင်းစီ၊ ကောက်ရိုးတွေနဲ့ ဖုံးအုပ်ပြီး တစ်ညအိပ် အိုးမီးဖုတ်ရပါတယ်။ မီးဖုတ်တဲ့အခါမှာလည်း သတ်မှတ်ထားတဲ့ ထင်းအမျိုးအစား၊ အရွယ်အစားကိုပဲ အသုံးပြုရပါတယ်။ မီးအပူချိန်ကိုလည်း ချိန်ဆတတ်ဖို့လိုသလို မီးအပူချိန် အချိန်အဆမှားယွင်းခဲ့ရင် အိုးတွေအကုန်လုံး အဖတ်မတင်ဖြစ်တတ်ပါတယ်။

**မေး ။ ။ ဘယ်လိုအိုးအမျိုးအစားတွေကို ပြုလုပ်ပါသလဲ။**

ဖြေ ။ ။ အဓိကလုပ်တာကတော့ သောက်ရေအိုးလို့ခေါ်တဲ့ ရေထည့်အိုးပေါ့။ နောက်ထပ်ကတော့ ခပ်အိုး၊ ကျောင်းသားထမ်းအိုး၊ ထမင်းအိုး၊ ဟင်းအိုး၊ မြူအိုး၊ ကောက်ညှင်းပေါင်းအိုး၊ မုန့်ပြားသလပ်အိုး၊ သင်္ကြန်အတာအိုး၊ ညောင်ရေသွန်းအိုး၊ ဆီမီးခွက်နဲ့ ကလေးကစားစရာအိုးပုတ်လေးတွေလည်း လုပ်ပါတယ်။



ရွှံ့စေးများကို အိုးထိန်းစက်ဖြင့် အိုးပုံဖော်နေစဉ်။

**မေး ။ ။ တစ်နေ့စာနှပ်ပြီး မြေကြီးပုံကို အိုးလုပ်ရင် အိုးအလုံးရေ ဘယ်လောက်ရပါသလဲ။**

ဖြေ ။ ။ တစ်နေ့စာမြေကြီးပုံကို မြေကြီးတစ်ချီစာလို့ ခေါ်ပါတယ်။ မြေကြီးတစ်ချီစာကို သောက်ရေအိုးဆိုရင် ၂၅ လုံး၊ ခပ်အိုးဆိုရင် အလုံး ၃၀၊ ကျောင်းသားထမ်းအိုးဆိုရင် ၄၅ လုံး၊ ထမင်းအိုးတို့၊ မြူအိုးတို့ဆိုရင် ၇၅ လုံး၊ သင်္ကြန်အတာအိုး၊ ညောင်ရေသွန်းအိုးတို့ဆိုရင် ၁၂၅ လုံးရပါတယ်။ ဆီမီးခွက်ဆိုရင်တော့ ခွက်ရေ ၃၀၀၀ လောက်ရပါတယ်။ ဒါပေမယ့် မြေကြီးတစ်ချီစာကို သုံးရက်လုပ်ရပါတယ်။

**မေး ။ ။ အိုးလုပ်ငန်းက အဆင့်ဆင့်လုပ်ရတာဆိုတော့ လူဘယ်နှယောက်လောက်သုံးရပါသလဲ။ မိသားစုတွေပဲ ဝိုင်းလုပ်တာလား သိပါရစေ။**

ဖြေ ။ ။ အနည်းဆုံး လူငါးယောက်လောက်သုံးရပါတယ်။ ကိုယ့်အိမ်ကလူနည်းရင် အပြင်လူ ငှားရပါတယ်။

**မေး ။ ။ အပြင်လူငှားရင် ဘယ်လိုတွေပေးရပါသလဲ။**

ဖြေ ။ ။ အပြင်လူငှားရင် မြေကြီးတစ်ချီစာကို အိုးမော်ခ ကျပ် ၂၀၀၀၊ အိုးဆွခ ကျပ် ၃၀၀၀၊ ပန်းရိုက်ခ ကျပ် ၃၀၀၀၊ အိုးနှိုက်ခ ကျပ် ၆၀၀၀၊ အိုးထိန်းစက်လှည့်ခ ကျပ် ၁၅၀၀၀၊ မြေနင်းခ ကျပ် ၂၅၀၀ ပေးရပါတယ်။

**မေး ။ ။ အိုးလုပ်ငန်းကို ဘယ်ရာသီမှာ စလုပ်ပါသလဲ။**

ဖြေ ။ ။ သီတင်းကျွတ်လဆန်းကနေ ကဆုန်လပြည့်ကျော်အထိ လုပ်ပါတယ်။ ဆီမီးခွက်နဲ့စပြီး ညောင်ရေသွန်းအိုးနဲ့ ပိတ်တာပေါ့။

**မေး ။ ။ အိုးအမျိုးအစားအလိုက်သွင်းရတဲ့ဈေးနှုန်းတွေကိုလည်း သိပါရစေ။**

ဖြေ ။ ။ သောက်ရေအိုးဆိုရင် ကျပ် ၁၀၀၀၊ ခပ်အိုးဆိုရင် ကျပ် ၅၅၀၊ ကျောင်းသားထမ်းအိုး၊ ထမင်းအိုး၊ ဟင်းအိုး၊ မြူအိုးတို့ဆိုရင် ကျပ် ၃၅၀၊ သင်္ကြန်အတာအိုး၊ ညောင်ရေသွန်းအိုး၊ ဘုရားပန်းအိုးတို့ဆိုရင် ၂၇၅ ကျပ်နဲ့ သွင်းရပြီးတော့ ဆီမီးခွက် ၁၀ ခွက်ကို ကျပ် ၃၀၀ နဲ့ ပေးသွင်းရပါတယ်။

**မေး ။ ။ ဈေးကွက်ထဲကို ဘယ်လိုဖြန့်လဲ သိပါရစေ။**

ဖြေ ။ ။ ရွာမှာရှိတဲ့ အဝယ်ဒိုင်တွေကိုပဲ သွင်းပါတယ်။ အဝယ်ဒိုင်တွေကနေမှတစ်ဆင့် ဈေးကွက်ထဲကိုပြန်ဖြန့်ပါတယ်။

**မေး ။ ။ အဝယ်ဒိုင်တွေက ဘယ်ဒေသတွေကို ပို့နေပါသလဲ။**

ဖြေ ။ ။ တောင်တွင်းကြီးမြို့နယ်အပြင် မကွေး၊ မင်းဘူး၊ မင်းလှ၊ အောင်လံ၊ ပြည်၊ နတ်မောက်၊ မြို့သစ်စတဲ့ မြို့တွေအထိ တင်ပို့နေရပါတယ်။

တောင်တွင်းကြီးမြို့နယ်၏အနောက်ဘက် ဗိဿနိုးမြို့ဟောင်း အနီးတွင်ရှိသည့် ကုက္ကိုခွကျေးရွာအပြင် အနီးတစ်ဝိုက်ရွာများဖြစ်သည့် ဂျုတ်ကုန်းကျေးရွာ၊ ရခိုင်စုကျေးရွာတို့တွင်လည်း မိရိုးဖလာအိုးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည်။ ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းကာ လက်ဆင့်ကမ်းလုပ်ကိုင်လာသည့် ရိုးရာလက်မှုအတတ်ပညာ လုပ်ငန်းတစ်ခုဖြစ်သော အိုးလုပ်ငန်းကို ဒေသခံများအနေဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းလုပ်ကိုင်ခဲ့ရာမှ ယခုအခါတွင်လည်း အသေးစားလက်မှုလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိနေပေသည်။



နေလှန်းပြီးသောအိုးများကို အိုးဖုတ်မည့်ဖိုသို့ နွားလှည်းဖြင့် ပို့နေစဉ်။



အိုးဖုတ်ပြီးနောက် ရောင်းချရန် အသင့်ဖြစ်နေသောအိုးများ။

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အကြို (၁၅၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၆**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အကြို (၁၅၅) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်ဓမ္မာရုံအတွင်း၌ကျင်းပရာ ပျဉ်းမနားမြို့ သုခဝိဟာရသရက်ကုန်း ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တကေလာသနှင့် သံဃာတော်ငါးပါး၊ ဓမ္မာစရိယကျောင်းတိုက်မှ သံဃာတော်ခြောက်ပါး စုစုပေါင်း ၁၂ ပါးတို့ ကြွရောက်တော်မူကြသည်။

အခမ်းအနားသို့ ဂေါပကအဖွဲ့ဝင်များ၊ ပုဗ္ဗသီရိမြို့နယ်သာသနာရေးမှူးနှင့် ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားမှူးက ဒေဝနိမန္တနဂါထာကို ဖတ်ကြားကာ နတ်ဖြဟ္မာများကို ပင့်ဖိတ်ခဲ့ပြီး ဆရာတော်ဘဒ္ဒန္တကေလာသထံမှ ညွှေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ (ယာပုံ)

ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များထံ ပဋ္ဌာန်းကျမ်းစာအုပ်နှင့် ပဋ္ဌာန်းပရိတ်အိုးများကို ဆက်ကပ်လှူဒါန်းကာ ဆရာတော်သံဃာတော်များ ဦးဆောင်၍ ပရိသတ်အားလုံးက ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်ခဲ့ပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းကာ အလှည့်ကျ ပဋ္ဌာနဘာဏက သံဃာတော်မှစ၍ ပဋ္ဌာန်းဒေသနာတော်များကို စတင်ရွတ်ဖတ်ပူဇော်သည်။ ယင်းနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အဆိုပါ (၁၅၅) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို မတ် ၁၆ ရက်မှ ၂၀ ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပြည်သူ့စစ်မှုထမ်းဥပဒေ ရှင်းလင်းဆွေးနွေးပွဲတက်ရောက်

**မြစ်ကြီးနား မတ် ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ပြည်နယ်/ ခရိုင်/ မြို့နယ် အရာထမ်း/ အမှုထမ်းများ ဝန်ထမ်းများအား ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို မတ် ၁၆ ရက် နံနက် ၉ နာရီက ပြည်နယ်ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။



ရှေးဦးစွာ ပြည်နယ်ဥပဒေချုပ်ရုံး ညွှန်ကြားရေးမှူး ဦးကပ်တလွန်းက ပြည်သူ့စစ်မှုထမ်း ဥပဒေပါအချက်များနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည်များကို လည်းကောင်း၊ ပြည်နယ်ဥပဒေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးစံဖေက ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာ အချက်အလက်များနှင့် ရည်ရွယ်ချက်များကို လည်းကောင်း အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက ရှင်းလင်းဆွေးနွေးခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း ဥပဒေပါအချက်များနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ဆွေးနွေးမှုများအပေါ် ဖြည့်စွက်သုံးသပ်ရှင်းလင်းကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။ (အောက်ဝဲပုံ)

အခမ်းအနားတွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် ရည်ရွယ်ချက်၊ ဥပဒေပါ အချက်များထဲမှ သိသင့်သိထိုက်သည်များ၊ အလေးထားမှတ်သားသင့်သည့်အချက်များ၊ ပြည်သူ့စစ်မှုထမ်းတို့၏ အကျိုးခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းစနစ်ကျင့်သုံးရခြင်း၏ အဓိပ္ပာယ်များနှင့် သတင်းမှားများ ထုတ်လွှင့်မှုကို သတင်းမှန် သိရှိစေရန် အချက်များပါဝင်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ သိကောင်းစရာများ၊ အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# (၂၁)ကြိမ်မြောက် ကွန်ပျူတာအသုံးချမှုဆိုင်ရာ နိုင်ငံတကာ သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် မတ် ၁၆**

နိုင်ငံတကာအဆင့်မီ ပါရဂူဘွဲ့ သုတေသနများအတွက် များစွာ အထောက်အကူပြုနိုင်ရုံသာမက၊ အရည်အချင်း ပြည့်မီသော လူ့စွမ်းအား အရင်းအမြစ်များ လေ့ကျင့် ပျိုးထောင်ပေးရေး အတွက် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်က ကြီးမှူးကျင်းပသည့် (၂၁) ကြိမ်မြောက် ကွန်ပျူတာ အသုံးချမှုဆိုင်ရာ နိုင်ငံတကာ သုတေသန စာတမ်းဖတ်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင် တက်ရောက် အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီက အမှာစကား ပြောကြားပြီး ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီခင်က (၂၁) ကြိမ်မြောက် ကွန်ပျူတာအသုံးချမှု ဆိုင်ရာ နိုင်ငံတကာသုတေသန စာတမ်းဖတ်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်ထောက်ပံ့သည့် ငွေကျပ် ၂၅ သိန်းအားလူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ပေးအပ်ရာ ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့သည်။

ယခုနှစ် စာတမ်းဖတ်ပွဲတွင် ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံမှ သာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များမှ စာတမ်းပေါင်း ၅၅ စောင်ကို ဖတ်ကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



# ဘားအံမြို့၌ "ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့"အထိမ်းအမှတ်ကျင်းပ

**ဘားအံ မတ် ၁၆**

ကရင်ပြည်နယ် ဘားအံမြို့ စားသုံးသူရေးရာဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံး၌ "ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့" အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ ကရင်ပြည်နယ် စားသုံးသူရေးရာ ကော်မတီဥက္ကဋ္ဌ ကရင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့် တက်ရောက်သည်။

ရှေးဦးစွာ ပြည်နယ်စီးပွားရေးရာဝန်ကြီးက "ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့" အထိမ်းအမှတ်နှင့်ပတ်သက်၍ အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပြီးနောက် ကရင်ပြည်နယ် စားသုံးသူရေးရာ ကော်မတီအတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးသန်းဦးက "ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့" ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကိုလည်းကောင်း၊ စားသုံးသူကာကွယ်ရေး ဥပဒေပါ စားသုံးသူအခွင့်အရေးနှင့် တာဝန်များအကြောင်းကိုလည်းကောင်း၊ ဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခင်းကျင်းပြသထားသောစားသုံးသူကာကွယ်ရေး ဥပဒေနှင့် နည်းဥပဒေများ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးရန်သင့်သော အစားအစာများ၊ သောက်သုံးရန် မသင့်သော ဆေးဝါးများ၊ သုံးစွဲရန် မသင့်သော အလှကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာ စားသုံးသူများအဖွဲ့ (Consumer International) မှ ယခုနှစ် ထုတ်ပြန်ထားသည့် "ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့" အထိမ်းအမှတ် ဆောင်ပုဒ်မှာ "မျှတအလေးမူ တာဝန်ယူ၊ စားသုံးသူအကျိုးပြု ဉာဏ်ရည်တု" (Fair and Responsible AI For Consumers) ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရှမ်းပြည်နယ်အတွင်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး ဆွေးနွေး

**တောင်ကြီး မတ် ၁၆**

ရှမ်းပြည်နယ်အတွင်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၁၅ ရက်က တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်သည်။



ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံသည် နှစ်စဉ်နှစ်တိုင်း တောမီးနှင့် အခြားမီးများကြောင့် မီးလောင်မှု Fire Hotspot ဖြစ်ပွားမှုအရေအတွက် များပြားလာခြင်းကို ရင်ဆိုင်ကြုံတွေ့နေရပြီး ၂၀၁၃ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နှစ်စဉ်ဖြစ်ပွားသော မီးလောင်မှုများအနက် ရှမ်းပြည်နယ်၌ အများဆုံးတွေ့ရှိရကာ တစ်နိုင်ငံလုံး၏ ၃၅ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ASEAN Specialized Center(ASMC)မှရရှိသည့် အချက်အလက်များအရ လေ့လာတွေ့ရှိရပါကြောင်း၊ မီးလောင်မှုများ ဖြစ်ပွားခြင်းနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်ခြင်း၏ အဓိကအကြောင်းရင်းများမှာ တောမီးလောင်ကျွမ်းခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် တောင်ယာမီးရှို့ခြင်းနှင့် စိုက်ခင်းများမီးရှို့ခြင်း၊ သိမ်းဆည်းပြီး အမှိုက်များအပါအဝင် လူနေအိမ်များမှ စွန့်ပစ်ပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်း စသည်တို့ကြောင့် ဖြစ်ပေါ်လျက်ရှိကြောင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုများ ကာလကြာရှည်စွာဖြစ်ပေါ်ပါက လေထုအရည်အသွေးကျဆင်းခြင်း၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်ခြင်း၊ ဒေသခံပြည်သူလူထုကို ကျန်းမာရေးထိခိုက်စေနိုင်ခြင်း၊ အသက်ရှူလမ်းကြောင်းရောဂါများ၊ နာတာရှည်ရောဂါများ ခံစားရနိုင်ခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့ပြင် ရှမ်းပြည်နယ်အတွင်း ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိ တောမီးနှင့် အခြားမီးများလောင်ကျွမ်းမှုထိန်းချုပ်နိုင်ရေးအတွက်ဆက်စပ်ဌာနများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့က အသိပညာပေးဟောပြောခြင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ် မတ်လနှင့် ဧပြီလအတွင်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်စဉ်အနေဖြင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် ထိစပ်လျက်ရှိသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ဖြစ်ပေါ်ခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံဖြစ်သော လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မိမိတို့နိုင်ငံရှိ တောင်ပေါ်ဒေသများ၌ တောင်ယာစိုက်ခင်းများ မီးရှို့ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း စွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ စွန့်ပစ်အမှိုက်များ မီးရှို့ခြင်းတို့ကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်း တောမီးနှင့် အခြားမီးများကြောင့် မီးလောင်မှုအရေအတွက် လျှော့ချနိုင်ရန်နှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်နိုင်ရန်အတွက် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ထို့နောက် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများက ဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။ **မောင်မောင်သန်း(ပြန်/ဆက်)**

# ပြည်နယ်အတွင်း ပိုးမွေးမြူရေးနှင့် ပိုးချည်စက်ရုံ တည်ထောင်နိုင်ရန် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရေးဆိုင်ရာများ ဆွေးနွေး

**မြစ်ကြီးနား မတ် ၁၆**

ကချင်ပြည်နယ်အတွင်း ပိုးမွေးမြူရေးနှင့် ပိုးချည်စက်ရုံ တည်ထောင်အကောင်အထည်ဖော်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မတ် ၁၅ ရက်က ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ပိုးချည်စက်ရုံ တည်ထောင်အကောင်အထည်ဖော်နိုင်ရေးအတွက် ယခုလိုလာရောက်တင်ပြမှုကို လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ ပြည်နယ်အတွက် အကျိုးဖြစ်ထွန်းစေသည့် ရင်းနှီးမြှုပ်နှံမှုများကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် Randoo (Myanmar) Silk Crop လီမိတက်မှ တာဝန်ရှိသူက ကချင်ပြည်နယ်မြစ်ကြီးနားမြို့၌ ပိုးစာခြံနှင့် ပူးပေါင်း၍ ပိုးချည်စက်ရုံတည်ထောင်နိုင်ရေးနှင့် အထွက်တိုးပိုးမွေးမြူရေး၊ ကုန်ကြမ်းရရှိရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ပိုမိုကောင်းမွန်သော လုပ်ငန်းစီမံကိန်းများဖြစ်စေရေး၊ ပိုးချည်စက်ရုံတည်ထောင်နိုင်ရေး လိုအပ်သည့် ကုန်ကြမ်းပိုးမျိုးများ မွေးမြူနိုင်ရေး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး ဖြည့်စွက်သုံးသပ်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်တက်ရောက်ပြီး ပြည်နယ်အတွင်းရှိ လယ်ယာမြေ/ စိုက်ပျိုးမြေများကို လျော့နည်းပပျောက်မသွားရေးနှင့် စိုက်ပျိုးမြေ ပိုမိုတိုးပွားလာစေရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်သွားရန် တိုက်တွန်းကာ အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းစာတွဲများ၊ အမိန့်ညွှန်ကြားချက်များ၊ လယ်မြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာသည့် လုပ်ငန်းစာတွဲ၊ ပြည်နယ်အစိုးရအဖွဲ့က ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားလာသည့် လုပ်ငန်းစာတွဲများ၊ ပုံစံ(၇)ပျက်စီး/ပျောက်ဆုံး လျှောက်ထားလာသည့် လုပ်ငန်းစာတွဲများကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆွေးနွေးဆုံးဖြတ်ပေးခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

# မုဒုံမြို့နယ် လေဆိပ်နှင့် ဆိပ်ကမ်းစီမံကိန်းဧရိယာသစ်တွင်ပါဝင်သော မြေယာများအတွက် လျော်ကြေးငွေကျပ်သိန်းပေါင်း ၁၂၈၀၀ ကျော် ပေးအပ်



မုဒုံမြို့ ရွှေဟသာ်ခန်းမ၌ မြေယာလျော်ကြေးငွေများ ထုတ်ပေးနေစဉ်။

**မုဒုံ မတ် ၁၆**

မွန်ပြည်နယ် မော်လမြိုင်မြို့အနီး မုဒုံမြို့နယ်အတွင်း နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ကွင်းအသစ်တစ်ခုနှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းအသစ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ရေလွှဲလမ်းကြောင်း (ညောင်ကုန်းချောင်း) စီမံကိန်းဧရိယာအတွင်း ပါဝင်သော မြေများအတွက် လျော်ကြေးငွေများကို မတ် ၁၄ ရက်က ပေးအပ်သည်။

အဆိုပါ စီမံကိန်းဧရိယာအတွင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ရေလမ်းကြောင်းလွှဲခြင်းနှင့် ညောင်ကုန်းချောင်းအကျယ်ချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုတွင် ပါဝင်သွားသော တောင်သူ ၁၂၃ ဦး၏ လယ်မြေ ၂၁၁ ဒသမ ၈၅ ဧက၊ အဆောက်အဦ ခြောက်ခုနှင့် သီးနှံပင်များအတွက် စုစုပေါင်း လျော်ကြေးငွေကျပ် ၁၂၈၈၉၇၄၅၀၀ ကို တာဝန်ရှိသူများက တောင်သူများထံ လက်ဝယ်အရောက်ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

မုဒုံမြို့ ရွှေဟသာ်ခန်းမ၌ မြေယာလျော်ကြေးငွေများ ထုတ်ပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ တာဝန်ရှိသူများက ငွေပေးချေရာတွင် လိုအပ်သော အထောက်အထားမှတ်တမ်းများ ပြုလုပ်ပေးခြင်း၊ လျော်ကြေးပေးချေရမည့် ပုံစံ (၁၂)အရ ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးခြင်း၊ ဧရိယာ(ဧက)စစ်ဆေးခြင်းနှင့် ချက်လက်မှတ်ဖြင့် ငွေပေးချေခြင်းစသည့် လုပ်ငန်းများကို ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့သည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

# သန်လျင်မြို့နယ် မင်္ဂလွန်းကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

**နေပြည်တော် မတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မင်္ဂလွန်းကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘဝနာရာမကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မတ် ၁၅ ရက်က ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ဒေသခံပြည်သူ ၁၃၈ ဦးတို့အား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘုရင့်နောင်တံတားအောက် ပန်းခြံ၌ ပြည်သူများ အပန်းဖြေနိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေး

**ရန်ကုန် မတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်တံတားအောက်တွင် ပန်းခြံတည်ဆောက်နေမှုကို မတ် ၁၄ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများ ဌာနမှူးက ဘုရင့်နောင်တံတားအောက် ပန်းခြံတည်ဆောက်နေမှု၊ မြေယာရှုခင်းကောင်းမွန်စေရန် ယိုးဒယားဘဲစားမြက်၊ စင်ကာပူချယ်ရီပင်နှင့် သစ်ပင်များ စိုက်ပျိုးထားရှိမှုများ၊ ဖူဆယ်ဘော်လီဘောကွင်း၊ ပိုက်ကျော်ခြင်းကွင်း၊ ဘောလုံးကွင်းနှင့် ကားပါကင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တံတားအောက်တွင် ညအချိန် အလင်းရောင်ကောင်းစွာရရှိရန် ဆိုလာစွမ်းအင်သုံးလျှပ်စစ်မီးများ တပ်ဆင်ရန်၊ ပန်းခြံအတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ယခင်က ဘုရင့်နောင်တံတားအောက်ရှိ ယခုနေရာသည် ချုံနွယ်များ၊ အမှိုက်များဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိ ရှုပ်ထွေးညစ်ပေနေပြီး ရေကန်အတွင်း၌ အမှိုက်များပြည့်နေခဲ့ရာ ယခုအခါ အမှိုက်များကိုဆယ်ယူ၍ သန့်ရှင်းသာယာလှပပြီး ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အနားယူအပန်းဖြေနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်၍ ပန်းခြံသန့်ရှင်းသာယာလှပရေးနှင့် လိုအပ်သည်များကို တာဝန်ရှိသူများက ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

# ဘားအံခရိုင်၌ ကျောင်းသား ကျောင်းသူများအတွက် အခြေခံကွန်ပျူတာသင်တန်းဖွင့်

**ဘားအံ မတ် ၁၆**

ကရင်ပြည်နယ်အတွင်း ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး ဒေသတွင်းလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘားအံခရိုင် Community Centre ခန်းမ၌ နွေရာသီသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ မတ် ၁၅ ရက်တွင် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ကို ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)တို့ ပူးပေါင်း၍ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်က သင်တန်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းများအတွက် ငွေကျပ် ၂၀၅၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ရွေ့လျားမော်တော်ယာဉ်စာကြည့်တိုက်နှင့် သင်တန်းများဖွင့်လှစ်သင်ကြားပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ အခြေခံကွန်ပျူတာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၀ အား သင်တန်းကာလ သုံးပတ်ကြာ သင်ကြားပေးသွားမည်ဖြစ်ပြီး ဘားအံခရိုင် Community Centre ၌ ယခုနှစ် နွေရာသီတွင် အခြေခံပန်းချီသင်တန်းကို သင်တန်းသား သင်တန်းသူ ၅၀၊ အခြေခံအင်္ဂလိပ်စာ (Grammar) သင်တန်းကို သင်တန်းသား သင်တန်းသူ ၃၀ တို့ဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကာ အခြေခံရေးဦးပြုစုခြင်းသင်တန်း၊ အခမ်းအနားမှူး သင်တန်း၊ သတင်းရေးသားနည်း သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း (မြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းတက်မည့် ကလေးငယ်များအား တွေ့ဆုံအားပေးစဉ်။

# လပွတ္တာမြို့နယ်၌ ကဏန်းပျော့ မွေးမြူထားမှုများကို ကွင်းဆင်းစစ်ဆေး

**လပွတ္တာ မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကျောက်ဖြူကျေးရွာရှိ Texchem Marine Labutta Limited ၏ ကဏန်းပျော့ မွေးကန်၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူထားရှိမှု အခြေအနေများကို ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝါဝါသိန်းနှင့် မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းတို့က မတ် ၁၄ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ခရိုင်ဦးစီးမှူးနှင့် အဖွဲ့အား Texchem Marine Labutta Limited မှ တာဝန်ရှိသူက ကဏန်းပျော့များ မွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်ဦးစီးမှူးက ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) နှင့်အညီ မွေးမြူထုတ်လုပ်ပါက အစားအစာ ဘေးအန္တရာယ်ကင်းရှင်းသော ရေထွက်ကုန်ပစ္စည်းများအဖြစ် နိုင်ငံတကာဈေးကွက်ရရှိခြင်းနှင့် အစားအစာဘေးကင်းရှင်းသော ရေထွက်ကုန်ပစ္စည်းများ စားသုံးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မွေးမြူထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုသည်။ အဆိုပါကုမ္ပဏီအနေဖြင့် တစ်နှစ်လျှင် ကဏန်းပျော့ တန်ချိန် ၈၀ ခန့်ကို ထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မုဒုံမြို့နယ် ဘလောက်ညောင်ဝိုင်းကျေးရွာ၌ ဆိုလာရေတင်စနစ် တပ်ဆင်ပြီးစီး

**မုဒုံ မတ် ၁၆**

မွန်ပြည်နယ် မုဒုံမြို့နယ် ဘလောက်ညောင်ဝိုင်းကျေးရွာ၌ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေး စီမံကိန်းဒေသများအတွက် ဆောင်ရွက်လျက်ရှိသည့် ဆိုလာရေတင်စနစ်တပ်ဆင်ခြင်း ဆိုလာစွမ်းအင်သုံး စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းကို ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၀ ဒသမ ၄၁၇ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက ဆောင်ရွက်ခဲ့ပြီး မြင်းကောင်ရေငါးကောင်အား ရေစုပ်ပန့်၊ ၇ ဒသမ ၅ ကီလိုဝပ်အင်ဗာတာနှင့် ဆိုလာစနစ်တပ်ဆင်ခြင်းများကို တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီးပြီဖြစ်သောကြောင့် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိကာ ဆီထွက်သီးနှံ နေကြာ ဧက ၅၀ စိုက်ပျိုးနိုင်ခဲ့သည့်အပြင် အခြား သီးနှံစိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **အောင်မျိုးသူ (မြန်/ဆက်)**



# နည်းပညာတက္ကသိုလ် (ကျောက်ဆည်) ၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ဟောပြောပွဲကျင်းပ

**ကျောက်ဆည် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ နည်းပညာတက္ကသိုလ် (ကျောက်ဆည်) အောင်ဆန်းခန်းမ၌ ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့(World Consumer Right Day) အထိမ်းအမှတ် ဟောပြောပွဲကို ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနက ကြီးမှူး၍ မတ် ၁၅ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် နည်းပညာတက္ကသိုလ် (ကျောက်ဆည်) မှ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ချင်းက ကျောင်းသား ကျောင်းသူများအား စားသုံးသူရေးရာနှင့်ပတ်သက်သည့် သိသင့်သိထိုက်သည့် နည်းပညာများကို ရရှိစေလိုကြောင်း အမှာစကားပြောကြားပြီး ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှူး ဦးကျင်ဌေးက ၂၀၂၄ ခုနှစ် မတ် ၁၅ ရက်သည် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် စားသုံးသူကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံ၏ အလေးထားပါဝင်ဆောင်ရွက်မှုမှာ ကမ္ဘာ့နိုင်ငံများနှင့်အတူ တစ်သားတည်းရှိနေကြောင်း ရှင်းလင်းဟောပြောကာ စားသုံးသူကာကွယ်ရေး လှုပ်ရှားမှု အသိပညာပေးဗီဒီယိုကို ပြသသည်။



ထို့နောက် ခရိုင်စားသုံးသူရေးရာဦးစီးဌာန စားသုံးသူရေးရာ တာဝန်ခံဦးဇော်မင်းလတ်က စားသုံးသူကာကွယ်ရေးနှင့် ပတ်သက်သည့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ စားသုံးသူတောင်းဆိုနိုင်သော အခွင့်အရေး၊ တားမြစ်ချက်ဆိုင်ရာ ဥပဒေနှင့် ပြဋ္ဌာန်းချက်များ စသည်တို့ကို ဟောပြောခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမင်းထက်စိုးက ဘေးအန္တရာယ်ဖြစ်စေသော စားသုံးသူ ကျန်းမာရေးဆိုင်ရာ အစားအစာများအကြောင်းကို ရှင်းလင်းပြောကြား၍ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှူး ဦးကျင်ဌေးက နည်းပညာတက္ကသိုလ် (ကျောက်ဆည်) ပါမောက္ခချုပ်အား စားသုံးသူကာကွယ်ရေး ဥပဒေစာအုပ်များ ပေးအပ်သည်။

**ခရိုင် (မြန်/ဆက်)**

# ဝါးခယ်မမြို့နယ် ကျက်သရေဆောင် သကျမဟာသီရိဘုရားကြီး၏ (၄၁)ကြိမ်မြောက် ဗုဒ္ဓစွယ်တော်မြတ်နှင့် ဓာတ်တော်မြတ်များပူဇော်ပွဲကျင်းပ

**ဝါးခယ်မ မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ကျက်သရေဆောင် သကျမဟာသီရိဘုရားကြီး၏ (၄၁)ကြိမ်မြောက် ဗုဒ္ဓစွယ်တော်မြတ်နှင့် ဓာတ်တော်မြတ်များ ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက သကျမဟာသီရိဘုရားကြီး၏ သံတန်ဆောင်းတော်ကြီးအတွင်း၌ ကျင်းပသည်။ **(ယာပုံ)**

ထိုအခမ်းအနားတွင် ဆရာတော်ကြီးများထံမှ ငါးပါးသီလ ခံယူစောင့်တည်ခြင်း၊ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဆရာတော်ကြီးများထံမှ စွယ်တော်မြတ်သမိုင်းအကျဉ်းနှင့် ဩဝါဒကထာ ခံယူခြင်းများဆောင်ရွက်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဗုဒ္ဓစွယ်တော်မြတ်နှင့် ဓာတ်တော်မြတ်များပူဇော်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်တော်မူရာ ရွှေတိဂုံပုံတူစေတီ ရတနာကြုတ်တော်မြတ်အတွင်းက စက်ခလုတ်နှိပ်၍ ပင့်ဆောင်ခြင်း၊ ဆရာတော်ကြီးများက ဗုဒ္ဓစွယ်တော်မြတ်နှင့် ဓာတ်တော်မြတ်တို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **ဟိန်းထက်လင်း(ပြန်/ဆက်)**



## ရွှေစက်တော်ဘုရားပွဲရာသီတွင် ရှားပါးမျိုးစိတ်စာရင်းဝင် မြန်မာ့ကြယ်လိပ်များအား လာရောက်လေ့လာနိုင်

**မင်းဘူး မတ် ၁၆**



မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်ရှိ ရှားပါးစာရင်းဝင် ဒေသရင်းမျိုးစိတ် မြန်မာ့ကြယ်လိပ်များကို ရွှေစက်တော် ဘုရားပွဲရာသီအတွင်း လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း ရွှေစက်တော် ဘေးမဲ့တောဥယျာဉ် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆန်းထံမှ သိရသည်။

ရွှေစက်တော်ဘေးမဲ့တောရှိ ကြယ်လိပ်များသည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသတွင်သာ တွေ့ရသော ဒေသရင်းဖွားမျိုးစိတ်ဖြစ်သည်။ မြန်မာ့ကြယ်လိပ် (Burmese Star Tortoise) များကို ဒေသသုံးအမည်များအဖြစ် မြလိပ်၊ ဆီချိုလိပ်၊ တောင်ပုံလိပ်နှင့် နတ်လိပ်ဟူ၍လည်း ခေါ်ဆိုကြပြီး ၂၀၀၄ ခုနှစ်မှစတင်ကာ မန္တလေးရတနာပုံဥယျာဉ်၊ လောကနန္ဒာဘေးမဲ့တော၊ မင်းစုံတောင် ဘေးမဲ့တော၊ ရွှေစက်တော် ဘေးမဲ့တောတို့တွင် ခြံခတ်မွေးမြူခြင်းကို သစ်တောဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့နှင့် လိပ်မျိုးစိတ်ရှင်သန်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကြယ်လိပ်များကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ တောခွေးများက ဖမ်းဆီးကိုက်ဖြတ် စားသောက်ခြင်း၊ ကြယ်လိပ်များကို အိမ်အလှမွေး တိရစ္ဆာန်အဖြစ် တွင်ကျယ်စွာမွေးမြူလာကြပြီး တရားမဝင်ရောင်းဝယ်မှုများရှိခြင်း၊ လိပ်များကျက်စားသည့် နယ်မြေရှိ သစ်တော၊ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးမြေ ပြုလုပ်လာခြင်းတို့ကြောင့် ထိန်းသိမ်း ကာကွယ်နိုင်ရေးအတွက် ရွှေစက်တော်ဘေးမဲ့တောဥယျာဉ်မှ ဝန်ထမ်းများက ကြယ်လိပ်အကောင်ရေ ၂၀၀၀ ကျော်ကို မွေးမြူထိန်းသိမ်းထားသဖြင့် ရွှေစက်တော်ဘုရားပွဲတော်ရာသီတွင် ဘုရားဖူးရင်းတစ်ဆက်တည်း ကြယ်လိပ်များပါ လေ့လာကြည့်ရှုနိုင်ကြကြောင်း ရွှေစက်တော်ဘေးမဲ့တောဥယျာဉ် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

**ဇေယျာထက်(မင်းဘူး)**

## ကျောက်ဆည်မြို့နယ်၌ နွေစပါး၊ နွေနှမ်း၊ မိုးကြိုပဲတီစိမ်း၊ မိုးကြိုဝါ စုစုပေါင်း ၄၁၆၈၇ ဧက လျာထားစိုက်ပျိုး

**ကျောက်ဆည် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဇော်ဂျီဆည်၊ ကင်းတားဆည်၊ မြေအောက်စက်ရေတွင်းများ၏ ရေရရှိရေးနည်းလမ်းများအလိုက် နွေးစပါး၊ နွေနှမ်း၊ မိုးကြိုပဲတီစိမ်းနှင့် မိုးကြိုဝါ စုစုပေါင်း ၄၁၆၈၇ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နွေသီးနှံများစိုက်ပျိုးရာတွင် နွေစပါးများကို ဇော်ဂျီဆည်ရေသောက်စနစ်မှ မင်းရဲ၊ သင်းတွဲ၊ တမုတ်မြောင်းရေများဖြင့် ဧက ၁၀၀၀ ၊ မြေအောက်ရေ စက်ရေတွင်းဖြင့် ၅၃ ဧက၊ နွေနှမ်းများကို ဇော်ဂျီဆည်ရေသောက်စနစ်မှ မင်းရဲ၊ သင်းတွဲ၊ ငပြောင်၊ ဇီးတော၊ နွားတက်၊ တမုတ်၊ အထက်လင်းဇင်း မြောင်းရေများဖြင့် ၂၃၇၇၃ ဧက၊ ကင်းတားဆည်ရေသောက်စနစ်မှ သင်းဒီး၊ ထုံးကြီး၊ စမာ မြောင်းရေများဖြင့် ၇၁၆၉ ဧက၊ မိုးကြိုပဲတီစိမ်းများကို ဇော်ဂျီဆည်ရေသောက်စနစ်မှ မင်းရဲ၊ သင်းတွဲ၊ ငပြောင်၊ ဇီးတော၊ နွားတက်၊ တမုတ်မြောင်းရေများဖြင့် ၈၉၀၈ ဧက၊ ကင်းတားဆည်ရေသောက်စနစ်မှ ထုံးကြီး၊ စမာမြောင်းရေများဖြင့် ၁၀၉၉ ဧက၊ မိုးကြိုဝါများကို ကင်းတားဆည်ရေသောက်စနစ်မှ သင်းဒီမြောင်းရေများဖြင့် ၈၃ ဧက၊ မြေအောက်ရေစက်ရေတွင်း နှစ်ဧက စုစုပေါင်း၄၁၆၈၇ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နွေသီးနှံများပျိုးထောင်စိုက်ပျိုးရာမှစတင်၍ ရိတ်သိမ်းချိန်အထိ အောင်မြင်စွာ စိုက်ပျိုးနိုင်ရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက စိုက်ပျိုးရေများကို ဖေဖော်ဝါရီလမှ မတ်လအထိ ရေပေးမြောင်းများအလိုက် အလှည့်ကျစနစ်ဖြင့် ပြည့်ဝစွာပေးဝေလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## သာစည်မြို့နယ်၌ နွေရာသီ အားကစားသင်တန်းများဖွင့်လှစ်

**သာစည် မတ် ၁၆**



မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက နွေရာသီ ကျောင်းပိတ်ရက်၌ ကျောင်းသားကျောင်းသူများ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော လူငယ်များဖြစ်လာစေရန် အားကစားနည်းငါးမျိုးကို မတ်လ ပထမပတ်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ မြန်မာ့သိုင်းနှင့် ပြေးခုန်ပစ် အားကစားနည်းငါးမျိုးကို အခြေခံမှစ၍ စနစ်တကျဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိပြီး ကိုယ်လက်လှုပ်ရှား အားကစားလုပ်ခြင်းဖြင့် ကိုယ်ခန္ဓာဖွံ့ဖြိုးပြီး ကျန်းမာကြံ့ခိုင်စေရန်နှင့် ထူးချွန်သောလူငယ်များ ပေါ်ထွက်လာစေရန် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြို့နယ်အားကစားမှူး ဦးဝင်းထွန်းဦးက ပြောသည်။

အဆိုပါ သင်တန်းများကို မတ်လကုန်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေ့စဉ် ညနေ ၃ နာရီခွဲမှ ၅ နာရီခွဲအထိ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**



